ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်၊ စနေနေ့ (19-3-2011) (၆၇၀၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဇမ္ဗူ့ကျက်သရေလမ်းရှိ ဓာတုစယဓာတ်ပေါင်းစုစေတီတော် ပရိဝုဏ်တော်အတွင်း မဟာအဘိသန္ဓဗိမာန်တော်တွင် ကိန်းဝပ်စံနေတော်မူသော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအထွတ်၌ ဌာပနာတော်သွင်း၊ ရတနာမကိုဋ်တော်တင်လှူခြင်းနှင့် ပုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို၍ ဌာပနာတော်များကို သွင်းလှူပူဇော်

နေပြည်တော် မတ် ၁၈

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဇမ္ဗူ့ကျက်သရေလမ်းရှိ ဓာတုစယဓာတ်ပေါင်းစုစေတီတော် ပရိဝုဏ်တော်အတွင်း မဟာအဘိသန္ဓဗိမာန်တော်တွင် ကိန်းဝပ်စံနေတော်မူသော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအထွတ်၌ ဌာပနာတော်သွင်း၊ မကိုဋ်တော်တင်လှူခြင်းနှင့် ပုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ မဟာအဘိသန္ဓဗိမာန်တော်၌ သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုကြပြီး ဌာပနာတော်များကို သွင်းလှူပူဇော်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအထွတ်၌ သွင်းလှူပူဇော်မည့် ဌာပနာတော်၊ ရတနာတော်၊ ရတနာမကိုဋ်အထွတ်တော်၊ ရတနာမကိုဋ်တော်နှင့် ရွှေသင်္ကန်းတော်တို့ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုတော်မူသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာ ကွယ် ရေး ဦး စီး ချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့☆

၁၉-၃-၂၀၁၁
(စနေနေ့)

ခါနွေဆန်းစ တပေါင်းလပြည့် အခါသမယ

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ တပေါင်းလပြည့် အခါသမယနေ့ ဖြစ်သည်။

တပေါင်းလသည် ဆောင်းအကုန် နွေအကူး ခါနွေဆန်းစ သမယ။ နွေဦးကာလဖြစ်သော်လည်း မင်းလွင်မြူခိုးတို့ ရစ်သိုင်းခြုံဆဲ။ ဆောင်းရိပ်ဆောင်းငွေ့တို့ မပြယ်တတ်သေးဘဲ အေးမြနေဆဲ။ အင်ကြင်း၊ သရဖီ ရာသီပန်းများ ဖူးပွင့်ကြမြဲ။ ဆောင်းနှင့်နွေ နှစ်ထွေအလှတို့ကို တွေ့မြင်နေရမြဲဖြစ်သည်။ ရှေးစာဆိုတို့က **တပေါင်းလသာ၊ လတကာထက်၊ နှိုင်းရာဖက်ရှောင်၊ လများနောင်ကား၊ တောင်လည်းသာမော၊ တောလည်းသာထွေ၊ ရေလည်းသာလှ၊ ဖြူလွသောင်ပြင်** ဟူ၍ ကဗျာရေးဖွဲ့ မှတ်တမ်းပြုခဲ့ကြသည်။

မဟာသက္ကရာဇ် ၁၀၃ ခုတွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးကာ ဝေနေယျသတ္တဝါတို့အား ဘုရားရှင်က တရားရေအေးတိုက်ကျွေးလျက်ရှိစဉ် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ဘုရားရှင်အား ပင့်ဆောင်ရန် ကာဠုဒါယီအမတ်ကြီးအား စေလွှတ်ခဲ့သည်။

မြတ်ဗုဒ္ဓဘုရားရှင်သည် သာယာကြည်နူးဖွယ်ကောင်းသည့် တပေါင်းလပြည့်ကျော် ၁ ရက်တွင် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွချီတော်မူပြီး ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် ကျွေးမိခင် ဂေါတမီတို့အား ကျေးဇူးဆပ် တရား ဟောကြားတော်မူခဲ့ပေသည်။

ဘုရားရှင် ကြွရောက်တော်မူခဲ့သည့် တပေါင်းလရာသီတွင် ရှေးဘိုးဘေးမြန်မာတို့က မြစ်ချောင်း သဲသောင်ပြင်များပေါ်၌ သဲပုံစေတီများ တည်ထားကာ ဘုရားရှင်၏ ဂုဏ်တော်တို့ကို အာရုံပြု ကြည်ညိုပူဇော်ကြသည်။ သဲပုံစေတီပွဲတော်များ ကျင်းပ၍ ပူဇော်ကြခြင်းဖြစ်သည်။

ယနေ့ကာလတွင် ဗုဒ္ဓပူဇနိယပွဲတော်များကျင်းပ၍ ပဋ္ဌာန်းတရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆရာတော်၊ သံဃာတော်များအား ဆွမ်း၊ ခဲဖွယ်များဆက်ကပ်ခြင်း၊ ဆွမ်းဆန်တော်လောင်းလှူပွဲများ ကျင်းပခြင်းတို့ကို တပေါင်းလပြည့်အခါသမယ၌ ကျင်းပလျက်ရှိသည်။

ထူးမြတ်သည့် တပေါင်းလပြည့် အခါသမယနေ့တွင် မြတ်ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို အောက်မေ့ပူဇော်ခြင်းဟူသည့် ဗုဒ္ဓါနုဿတိ ဘာဝနာတရား ပွားများအားထုတ်ခြင်း၊ သီလဆောက်တည် ကုသိုလ်ကောင်းမှုအစုစုတို့ကို မပြတ်ပြုလုပ်သွားကြခြင်းဖြင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခ ရရှိနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၈

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်အဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်သည် မကွေးတိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်ကျော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက် ၈ နာရီတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့ရောက်ရှိပြီး ကြီးကြပ်ရေးမှူး၊ လက်ထောက် ကြီးကြပ်ရေးမှူးများအား တွေ့ဆုံကာ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ မိမိ၏တာဝန်များကို စနစ်တကျဖြင့် ကျေပွန်စွာ ဆောင်ရွက်ကြရန် မှာကြားသည်။



မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့် မကွေးတိုင်းဒေသကြီး စာစစ်ဌာနများ၌ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာ ဖြေဆိုနေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ထို့နောက် အဆိုပါစာစစ်ဌာနရှိ စာဖြေခန်း၌ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာအား စိတ်အေးချမ်းသာစွာဖြင့် စနစ်တကျ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် မကွေးတိုင်းဒေသကြီး မကွေးမြို့ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း စာစစ်ဌာနနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများသို့ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ စာစစ်ဌာန(၁)နှင့် စာစစ်ဌာန(၂)၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများသို့လည်းကောင်း ရောက်ရှိပြီး ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဆိုင်ရာ ရုံးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ စာဖြေခန်းအသီးသီး၌ စနစ်တကျဖြင့် စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဥ္ဇူလမ်း ပါရမီ ရန်ကင်းမြို့နယ် ရန်ကုန်မြို့နေ ဗိုလ်ကြီးမောင်ကျော်(ငြိမ်း)-ဒေါ်ခင်သန်း မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၏ ဘုရားခန်းအတွက် မတည်အလှူငွေကျပ်သိန်း ၂၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးကိုကိုကြီး လက်ခံစဉ်။ (သတင်းစဉ်)

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် မတ် ၁၈

၁၉၉၂ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာဌာန၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ ရက်(အလုပ်သမားနေ့)တွင် နံနက် ၉နာရီမှ ၁၁နာရီအထိ ဗဟန်းမြို့နယ်အားကစားကွင်းအတွင်းရှိ M3 Food Centre ၌ ကျင်းပမည် ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေပါဝင်လှူဒါန်းလိုသူများသည် မောင်မောင်ဦး ဖုန်း-၀၉-၅၄၀၄၇၅၆၊ လွဲ့လွဲ့ဝင်းသန်း ဖုန်း-၀၉-၇၃၁၂၂၆၄၇၊ ကြည်ကြည်သန့် ဖုန်း-၀၉-၅၁၈၁၅၂၀၊ ထားအိဝင်း ဖုန်း-၀၉-၅၁၀၂၆၆၈၊ ခင်ကျော့ကေခိုင် ဖုန်း-၀၉-၅၁၁၉၉၁၇၊ သူဇာဝင်း ဖုန်း-၀၉-၅၀၇၉၇၂၃၊ အိအိဖြိုး ဖုန်း-၀၉-၇၃၁၀၅၀၃၅၊ ကျင်ကျင်ဆွိ ဖုန်း-၀၉-၇၃၀၉၂၃၉၂၊ စိုးမိုးအောင် ဖုန်း- ၀၉-၇၃၁၀၆၉၉၇နှင့် မေသဇင်ဖူး ဖုန်း-၀၉- ၅၀၈၇၄၂၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဆရာဝန်ကြီးများနှင့် အရောင်းကိုယ်စားလှယ်များ ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၁၈

Geofman Pharmaceuticals, Hero International Enterprise Ltd.နှင့် Sandar Myaing Company Ltd.တို့ကကြီးမှူး၍ ဆရာဝန်ကြီးများနှင့် အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို မတ် ၁၃ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ Geofman Group of Companies အထွေထွေမန်နေဂျာ မစ္စတာဇဖားရှာဂျဟန်နှင့် စန္ဒာမြိုင် ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဒေါ်ဖြူဖြူခင်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် Geofman Group of Companies အထွေထွေမန်နေဂျာ မစ္စတာဇဖားရှာဂျဟန်က ဆေးပစ္စည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

ယင်းနောက် အခမ်းအနားတက်ရောက်သူများအား ကံစမ်းမဲလက်ဆောင်များကို ပေးအပ်ချီးမြှင့်ကြသည်။

Geofman Pharmaceuticals, Pakistan သည် ISO 9001-2000 လက်မှတ်ရ ကုမ္ပဏီဖြစ်ပြီး Pakistan နိုင်ငံတွင် ၁၉၇၃ခုနှစ်မှ စတင်၍ ဆေးဝါးအမျိုးပေါင်း ၂၀၀ ကျော်ကို ထုတ်လုပ်ပြီး နိုင်ငံပေါင်း ၁၈ နိုင်ငံသို့ ဆေးဝါးများ တင်ပို့ရောင်းချနေသော ကုမ္ပဏီတစ်ခု ဖြစ်သည်။

Geofman Pharmaceuticals, Pakistan ဆေးကုမ္ပဏီက ဆေးဝါးများကို ၂၀၀၄ခုနှစ်မှ စတင်၍ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် စန္ဒာမြိုင် ကုမ္ပဏီလီမိတက်က တင်သွင်းဖြန့်ဖြူး ရောင်းချပေးနေသည့် NORAMINE TABLET အာရုံကြောအားဆေးသည် မြန်မာနိုင်ငံတွင် လူသုံးများပြီး သွေးတိုး၊ ဆီးချို၊ သွေးချို ရောဂါရှိသူများ သောက်သုံးနိုင်ကြောင်း သိရသည်။ စန္ဒာမြိုင်ကုမ္ပဏီလီမိတက်နှင့် ဆက်သွယ်လိုပါက ဖြန့်ချိရေး အမှတ်(၇) (၁၀၈)လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၁၅၁၆ နှင့် ၂၉၀၃၆၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာအိုင်တီနှင့် မိုဘိုင်းလ်ပြပွဲ ၂၀၁၁ တွင် CONCORDIA ပါဝင်ပြသ

ရန်ကုန် မတ် ၁၈

CONCORDIA Int'L Co.,Ltd. မှ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၁၈ ရက်မှ ၂၀ ရက်အထိကျင်းပသည့် 1st Myanmar IT & Mobile Exhibition 2011 ပြပွဲတွင် ဝင်ရောက်ပြသရောင်းချလျက်ရှိသည်။

အဆိုပါပြပွဲတွင် CONCORDIA Int'L Co.,Ltd. ကတင်သွင်းဖြန့်ချိသော Fuji Xerox အမှတ်တံဆိပ် ကာလာလေဆာပရင်တာများ၊ အဖြူအမည်း လေဆာပရင်တာများ၊ ကာလာမိတ္တူကူးစက်များ၊ Toner Cartridge များကို ခင်းကျင်းပြသ ရောင်းချသည်။

အထူးအစီအစဉ်အဖြစ် ပွဲတော်ကာလအတွင်း ဝယ်ယူအားပေးသော Customer များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် Fuji Xerox Copier & Printer များကို အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိပြီး Color Laser Printer တစ်လုံးကို ၃၉၉၀၀၀ ကျပ်ဖြင့် ရောင်းချပေးခြင်း လက်ဆောင်အဖြစ် mono Laser Printer တစ်လုံး၊ အင်္ကျီတစ်ထည်နှင့် IT Weekely Journal တစ်လစာ လက်ဆောင် အခမဲ့ဖတ်ရှုခွင့်ကူပွန်များကိုလည်း ပေးသွားမည်ဖြစ်ပြီး C525A model PrinterToner များကိုလည်း ၄၀ ရာခိုင်နှုန်းလျှော့၍ ရောင်းချသည်။

ဆက်သွယ်မေးမြန်းဝယ်ယူလိုပါက CONCORDIA Co.,Ltd. ရန်ကုန် ၃ လွှာနှင့် ၅ လွှာ ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း ၀၉-၇၃၀၀၉၂၂၁၊ ၇၃၀၀၉၂၁၅၊ ၇၃၀၀၉၂၁၆၊ ၀၉-၅၀၆၂၆၀၁၊ ၀၉-၈၀၃၁၃၇၃၊ Fax-(၉၅၁) ၅၄၄၁၉၉၊ မန္တလေး အမှတ် (၅) မြေညီထပ် SY အဆောက်အအုံလမ်း ၃၀၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ် ဖုန်း ၀၉-၅၀၆၇၁၇၂၊ ၀၂-၉၁၀၀၁၉၈၃၊ ၀၂-၃၆၄၇၈၊ ၀၂-၉၆၃၀၃၊ နေပြည်တော် အမှတ် (၁၄၄) သီရိရတနာအဆင့်မြင့်ဈေး ဖုန်း ၀၉-၄၉၂၀၀၉၄၈၊ ၀၆၇-၄၂၀၈၁၉၊ ၄၂၁၃၆၂ တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေကြည်မြို့အဝင် ပိတောက်ချောင်းလမ်းဆုံ၌ ပလက်ဖောင်း ကပ်တုံးများ ဆောင်ရွက်နေမှုကို ရောဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင် စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် လက်ထောက် အင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၃-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၂၀	၅။	ဓမ္မပူဇာတေး
၇း၂၅	၆။	မျိုးချစ်တပ်မတော်
၇း၃၀	၇။	မြန်မာ့ရှုခင်း
၇း၄၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၃။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၄။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀	၃။	နိုင်ငံတော်သီချင်း
၁၁း၁၅	၄။	အဖွင့်သီချင်း
၁၁း၂၀	၅။	မျိုးချစ်တပ်မတော်
၁၁း၂၅	၆။	ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၃၉)
၁၂း၀၀	၇။	**ရုပ်မြင်သံကြားဇာတ်လမ်း -ဖော့တီးနဲ့တွမ်တီး (ကျော်ရဲအောင်၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-ကြည်စိုးထွန်း)**
၁း၃၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၁း၄၅	၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၅၀)**
၂း၅၅	၁၀။	အပိတ်နှုတ်ဆက်စကား
၃း၀၀	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၇	၃။	နိုင်ငံတော်သီချင်း
၄း၁၃	၄။	အဖွင့်သီချင်း
၄း၁၅	၅။	မျိုးချစ်တပ်မတော်
၄း၂၀	၆။	ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၃	၇။	မြန်မာသံစဉ်
၄း၄၀	၈။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၅၀	၉။	ကုန်သွယ်သုတ
၄း၅၅	၁၀။	မီးသတိပေးနှိုးဆော်ချက်
၅း၁၀	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀	၁၂။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၅။	စားဖိုဆောင်ချစ်သူ
၆း၅၀	၁၆။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၆၇)**
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	နိုင်ငံတကာသတင်း
	၂၁။	မိုးလေဝသသတင်း
	၂၂။	လူရွှင်တော်စတား
	၂၃။	အင်္ဂလိပ်စာသုတ
	၂၄။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပန်းနုရောင်ချစ်အိပ်မက် (အပိုင်း-၁)**
	၂၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၃၇)**
	၂၇။	သင့်အတွက်မနက်ဖြန်
	၂၈။	အပိတ်နှုတ်ဆက်စကား
	၂၉။	ပြီးပါပြီ။

☆ **ရွှေဖုံးမှ**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဉာဏ်ထွန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရွှေနေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားအစီအစဉ်အရ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအထွတ်၌ ဌာပနာတော်သွင်းနှင့် မကိုဋ်တော်တင်လှူခြင်း မဟာမင်္ဂလာအခမ်းအနားကို စတင်ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ ကြွရောက်တော်မူကြသော ဆရာတော်ကြီးများနှင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ဘုရားဒါယကာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က သက်တော်ထင်ရှား မြတ်စွာဘုရားရှင်အား ရည်မှန်း၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး အထွတ်၌ သွင်းလှူပူဇော်မည့် ဌာပနာတော်၊ ရတနာတော်၊ ရတနာမကိုဋ်အထွတ်တော်၊

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က လှူဖွယ်ဝတ္ထုပစ္စည်း များကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဇမ္ဗူကျက်သရေလမ်းရှိ ဓာတုစယဓာတ်ပေါင်းစုစေတီတော် ပရိဝုဏ်တော်အတွင်း မဟာအဘိသန္ဒ ဗိမာန်တော်တွင် ကိန်းဝပ်စံနေတော်မူသော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးတွေ့ရစဉ်။

(သတင်းစဉ်)

ရတနာမကိုဋ်တော်နှင့် ရွှေသက်န်းတော်တို့ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေးက ဌာပနာတော်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် သန်းငွေက ရတနာတော်၊ ACE ဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးတင့်ဆန်းက ရတနာမကိုဋ်အထွတ်တော်၊ အင်ဂျင်နီယာများက ရတနာမကိုဋ်တော်နှင့် ရွှေသက်န်းတော်တို့ကို မဟာမုနိရုပ်ရှင်တော်မြတ်ကြီး အထွတ်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က မင်္ဂလာအချိန်တွင် ဌာပနာတော်များကို သွင်းလှူပူဇော်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့⁕

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၃-၂၀၁၁ (စနေနေ့)

(၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်နေ့၊ ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်

၇း၁၀ ၂။ နံနက်ခင်းသတင်း

၇း၄၀ ၃။ မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း) (ကာဠုဒါရီမထေရ်လျှောက်ထားခန်းနှင့် မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ကြွချီတော်မူခန်း) (ဣန္ဒြာဆွေစီစဉ်ရေးဖွဲ့ ပူဇော်သည်)

၈း၁၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေး တင့်အောင်)

၈း၂၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၈း၃၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ

၈း၄၀ ၇။ International News

၈း၄၅ ၈။ (၆၆)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၉း၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး

၁၁း၁၀ ၂။ (၆၆)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

၁း၁၀ ၅။ Yan Can Cook

၁း၃၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၂၅)**

၁း၃၀ ၇။ မဟော်သဓာ (အပိုင်း-၂၂) (ဖိုးသောကြာ၊ နဒီဝင့်နိုင်) (ဒါရိုက်တာ-စန္ဒရားသန်းဇော်)

၃း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄း၀၅ ၂။ မြူးမြူးကြွကြွယဉ်ကျေးမှုအက

၄း၂၀ ၃။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ

၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သမိုင်း၊ ပထဝီဝင်၊ စိတ်ပညာ၊အင်္ဂလိပ်စာ၊ ဥပဒေပညာ၊အရှေ့တိုင်းပညာ ဒဿနိကဗေဒအထူးပြုများ) (ဒဿနိကဗေဒ)

၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ

၄း၅၀ ၆။ (၆၆)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၅း၀၀ ၇။ ချစ်စရာ့အရွယ်ကစားကြမယ်

၅း၂၀ ၈။ မေမ္မပူဇာတေး

၅း၄၀ ၉။ "ခါနွေဆန်းစ တပေါင်းလ"

၆း၀၀ ၁၀။ ညနေခင်းသတင်း

၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ

၆း၂၀ ၁၂။ အလှရှာမယ်လှကမ္ဘာဝယ်

၆း၄၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ"(အပိုင်း-၃၁)**

၇း၃၅ ၁၄။ "ကြည်ညိုသပ္ပာယ်ဖွယ်ဖူးမြော် ဥပ္ပါတသန္တိစေတီတော်"

၈း၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ **"သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ နွေဦးဆောင်းနှောင်းလတပေါင်း" (အပိုင်း-၂)**

၁၉။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်

၂၀။ အစီအစဉ်ပြီး၏။

အမက(၁၀) မြောက်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၈

၁၉၆၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ အမက(၁၀) မြောက်ဥက္ကလာပတွင် ပညာသင်ကြားပို့ချခဲ့ကြသည့် သက်ပြည့်အငြိမ်းစား ဆရာ၊ ဆရာမများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မြောက်ဥက္ကလာပ မြို့နယ် (ဆ)ရပ်ကွက်ရှိ အမက(၁၀) အင်ကြင်းဆောင်၌ ကျင်းပမည်ဖြစ်သည်။

အငြိမ်းစား ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသူများသည် ဦးအောင်မြင့်ကြည် ဖုန်း-၀၉-၅၁၅၇၈၆၀၊ ဦးငွေဦး ဖုန်း-၀၉-၅၃၀၀၉၅၃၊ ဦးစိုင်းသီဟ ဖုန်း-၀၉-၅၁၆၈၄၉၄၊ ဦးအောင်ငွေမြင့် ဖုန်း-၀၉-၅၁၂၄၆၃၅၊ ဒေါ်ခင်သန္တာအောင် ဖုန်း-၀၉-၇၃၀၄၁၆၆၃၊ ဒေါ်မြမြသန်း ဖုန်း-၀၉-၇၃၀၁၀၅၈၅၊ ဒေါ်နွယ်နွယ်အေး ဖုန်း-၆၉၁၂၃၉နှင့် ဒေါ်တင်မာကြွယ် ဖုန်း-၆၉၉၇၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ခြောက်ထပ်ကြီးဘုရားကြီးတိုက် သာသနာနုဂ္ဂဟကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

✻ စာမျက်နှာ ၃ မှ

ဆက်လက်၍ ရတနာတော်များကို သွင်းလှူပူဇော်ကြပြီး ရတနာမကိုဋ်တော်နှင့် ရတနာမကိုဋ် အထွတ်တော်တို့ကို တပ်ဆင်ပူဇော်ကြသည်။

ပါဠိတော်နှင့် "ဇယန္တော ဗောဓိယာမူလေ" အစချီသော အောင်ဂါထာတော်တို့ကို ရွတ်ဆိုပူဇော်တော်မူကြပြီး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဗုဒ္ဓါဘိသိက် သွန်းလောင်းတော်မူကြသည်။

ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး

သွင်းလှူပူဇော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအထွတ်၌ ဌာပနာတော်များကို သွင်းလှူပူဇော်ကြစဉ်။

(သတင်းစဉ်)

ယင်းနောက် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ကြသည်။

ဗုဒ္ဓါဘိသေက

ထို့နောက် မဟာမင်္ဂလာအခမ်းအနား ဒုတိယပိုင်း ဗုဒ္ဓါဘိသေကအနေကဇာတင်ဆင်ယင်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားမှူး သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက လျှောက်ထားတောင်းပန်လွှာကို ဖတ်ကြားလျှောက်ထားသည်။

သွန်းလောင်းပူဇော်

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် ဆရာတော်ကြီးများက ဥဒါန်းပါဠိတော်လာနည်းအတိုင်း အနေကဇာတိသံသာရံ ဂါထာတော်၊ ပဋိစ္စသမုပ္ပာဒ် အနုလောမ ဒေသနာတော်၊ ယဒါဟဝေ ပထမဂါထာတော်၊ ပဋိစ္စသမုပ္ပာဒ် ပဋိလောမ ဒေသနာတော်၊ ယဒါဟဝေ ဒုတိယဂါထာတော်၊ ပဋိစ္စသမုပ္ပာဒ် အနုလောမ ပဋိလောမ ဒေသနာတော်၊ ယဒါဟဝေ တတိယဂါထာတော်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသ

ကုသိုလ်မှုဆည်းပူး

ယင်းနောက် မဟာမင်္ဂလာအခမ်းအနား တတိယပိုင်းအစီအစဉ်အရ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်မှု ဆည်းပူးခြင်း မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပသည်။

ခံယူဆောက်တည်

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများက သမန္တာအစချီသော မေတ္တသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်

ဒေါ်ကြိုင်ကြိုင်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ခြောက်

ထပ်ကြီး ဘုရားကြီးတိုက် သာသနာနုဂ္ဂဟကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံ ဒုတိယဗိုလ်ချုပ်မှူးကြီး

မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့က ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

လှူဖွယ်ကပ်လှူ

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီးတို့က ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်က ဗိသုကာအင်ဂျင်နီယာ ပညာရှင်များအား အမှတ်တရ

စာမျက်နှာ ၅ ကော်လံ ၁ သို့◆

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

◆ စာမျက်နှာ ၄ မှ

လက်ဆောင်များကို ပေးအပ်ပြီး ဗိသုကာအင်ဂျင်နီယာပညာရှင် ACE ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးတင့်ဆန်းက မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား တည်ဆောက်မွမ်းမံမှု ပြီးစီးပြီဖြစ်၍ ဘုရားဒါယကာ၊ ဒါယိကာမများထံ ပြန်လည်အပ်နှံသည့် စာတမ်းကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆုတောင်း

ယင်းနောက် အခမ်းအနားမှူး သဒ္ဓမ္မဇောတိကဓဇ ဦးသူရက အောင်ဆုမင်္ဂလာ အောင်ဩဘာစာတမ်းကို ဖတ်ကြားပြီး ဒေဝဂမနဝေလာ ဂါထာတော်ကို ဖတ်ကြား၍ နတ်ပြဟ္မာများအား ပြန်လည်ပို့ဆောင်သည်။

ထို့နောက် ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်များက ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှာသွန်းဖြိုး

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့က မဟာမင်္ဂလာအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွှာသွန်းဖြိုးပေးကြသည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဇမ္ဗူ့ကျက်သရေလမ်းရှိ ဓာတုစယဓာတ်ပေါင်းစုစေတီတော်ပရိဝုဏ်တော်အတွင်း ကိန်းဝပ်စံနေတော်မူသော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးမှာ ဉာဏ်တော်အမြင့် ၁၂ ပေ ၅ လက်မရှိသည်။

ရုပ်ရှင်တော်မြတ်ကြီးကို မန္တလေးမြို့ ရှမ်းပွဲရပ် (၄၂)လမ်းနေ စက်မှုပညာရှင် ဦးမြင့်သိန်းနှင့် ဇနီး ဒေါ်စိန်စိန်သိန်းတို့က သွန်းလောင်းပူဇော်ခဲ့ပြီး နိုင်ငံတော်သို့ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို ၉-၉-၂၀၀၇ ရက်နေ့တွင် စတင်သွန်းလောင်းပူဇော်ခဲ့ပြီး ၉-၉-၂၀၀၉ ရက်တွင် ပြီးစီးခဲ့သည်။

ထို့နောက် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးတွင် ခုနစ်ရက်ကြာရင်ငွေ့လှုံပြီးနောက် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် နေပြည်တော်သို့ ပို့ဆောင်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။
(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဉာဏ်ထွန်း နှင့် ဇနီးတို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။
(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း နှင့် ဇနီးတို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။
(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၃-၂၀၁၁ (စနေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ရာသီမသိပန်းနှင့်ညှို" တရားတော် (ဆရာတော်ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၄၇)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၅)**
- ၈း၄၅ ပျော်စရာကြီး Live Show (အပိုင်း-၁)
- ၉း၂၀ ဒဂုံဆယ်တော်မူစေတီနှင့် ရွှေလင်းယုန်ဆရာတော် သာသနာပြုလုပ်ငန်းများ
- ၉း၄၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀း၁၀ မွန်မြတ်သော အလှူကုသိုလ်ယူ
- ၁၀း၂၅ လောကီလောကုတ္တရာ နှစ်ဖြာချမ်းသာဝိသာခါ
- ၁၀း၄၅ သွားမယ်စားမယ် (Yin Fong Seafood)
- ၁၁း၂၀ Sports Diary
- ၁၁း၄၀ ပန်းချီပြခန်း (Step by Step ပန်းချီပြပွဲ)
- ၁၁း၅၅ ရန်ကုန်မြင်ကွင်းကျယ် (Smart Pen For Smart Kids)
- ၁၂း၁၀ စာအုပ်စာပေလူ့မိတ်ဆွေ [စာရေးဆရာကြီးဒေါက်တာ ဦးသန်းထွန်း(ရွှေဘို)နှင့်တွေ့ဆုံမေးမြန်းခြင်း]
- ၁၂း၃၀ ရှင်သန်နေအောင်အစဉ် ထမ်းဆောင် မြင်းခြံသဒ္ဓမ္မပါလ ဂုဏ်ရောင်
- ၁း၀၀ "ရာသီမသိပန်းနှင့်ညှို" တရားတော် (ဆရာတော်ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ VJ Choice
- ၃း၀၀ Activities In The City (SONY's 3D Projector မိတ်ဆက်ပွဲအခမ်းအနား)
- ၃း၁၀ Sewellery show of the year 2011 (The Rich Gems)(Part-1)
- ၃း၄၀ Activities In The City (Ebars Hatakeyama Memorial Fund ESifh MTG Motors Trading Co.,Ltd.

တို့၏ ဟောပြောပွဲ)

- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၅)**
- ၄း၅၅ ထားဝယ်အသင်း သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ
- ၅း၁၅ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ မြင့်ကြည်) (အပိုင်း-၃)
- ၅း၃၀ ဂဏန်းသင်္ချာပျော်စရာ (အပိုင်း-၄)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ အမျိုးသမီးများနှင့် နှလုံးသွေးကြောရောဂါအကြောင်း သိကောင်းစရာ
- ၆း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၄၈)**
- ၇း၃၀ ပျော်စရာကြီး Live Show (အပိုင်း-၂)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Kids Show (ရွှေပြည်နန်း ကလေးသရုပ်ဆောင်ပြိုင်ပွဲ)
- ၉း၀၀ ဖက်ရှင်လမ်းညွှန် (အပြာရောင်ဖက်ရှင်)
- ၉း၂၅ Barclays Premier League (West Borm Vs Arsenal)
- ၁၁း၂၅ သူတို့ပြောတဲ့သူတို့အကြောင်း (တေးသံရှင် ဖိုးကာနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၁၁း၅၅ Barclays Premier League (Everton Vs Fulham)
- ၁း၅၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"အနားမညီအချစ်" (အပိုင်း-၆)**
- ၂း၄၀ မြတ်ဗုဒ္ဓ၏မဟာဗုဒ္ဓဝင်
- ၂း၅၅ ဇီးအိုရွာနှင့် သဘာဝအင်ကြင်းတော
- ၃း၀၀ မွန်တို့မြေမှ ရှေးဟောင်းအမွေအနှစ်တို့တည်ရှိရာ
- ၃း၂၅ ဝင့်ကြွားအားမာန် "ကတိုက်"တမံ
- ၃း၃၀ ဆင်စွယ်ပန်းပု အခြေပြု လူ့လောကကိုအလှဆင်မည်
- ၃း၅၀ World of Knowledge (Chasing Earthquakes)
- ၄း၃၅ ဖူးရောက်စေချင်သည် ဗန္ဓုသေလာဆံတော်ရှင်စေတီတော်ကြီးဆီ
- ၄း၄၅ ရှင်တော်မဟာမုနိ. . . ဘဂဝါပူဇော်မိ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၇း၁၀	Tottenham	-	WestHam	ESPN (Live)
၉း၂၅	Man U	-	Bolton	ESPN (Live)
	Westbromwich	-	Arsenal	STAR SPORTS (Live)
၁၁း၅၅	Everton	-	Fulham	ESPN (Live)
၁၂း၀၀	Aston Villa	-	Wolverhampton	STAR SPORTS (SDD)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

တပေါင်းလပြည့်နေ့နှင့် တပ်မတော်နေ့တို့တွင် လော်ကားဥယျာဉ်ဖွင့်မည်

ရန်ကုန် မတ် ၁၈

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားသော်လည်း မတ် ၁၉ ရက် တပေါင်းလပြည့်နေ့နှင့် မတ် ၂၇ ရက် တပ်မတော်နေ့တို့တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ အချိန်တိုးမြှင့် ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥ တု ရာ သီ တော ကို မှီ ၍

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့် ဗိသုကာအင်ဂျင်နီယာပညာရှင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။

(သတင်းစဉ်)

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် ဆရာတော်ကြီးများက ဗုဒ္ဓါဘိသိက် သွန်းလောင်းတော်မူကြစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအထွတ်၌ ရတနာမကိုဋ်တော်နှင့် ရတနာမကိုဋ် အထွတ်တော်တို့ကို တပ်ဆင်ပူဇော်ကြစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

ပလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဗိသုကာအင်ဂျင်နီယာ ပညာရှင် ACEဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦး တင့် ဆန်း က မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား တည်ဆောက်မွမ်းမံမှု ပြီးစီးပြီဖြစ်၍ ဘုရား ဒါယကာ၊ ဒါယိကာမများထံ ပြန်လည် အပ်နှံသည့် စာတမ်းကို ဖတ်ကြားစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား သွန်းလောင်းပူဇော်ခဲ့သည့် အလှူရှင် ဦးမြင့်သိန်း မိသားစု။(သတင်း-ရွှေဖုံး) (သတင်းစဉ်)

တောင်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၁၅ဒီဂရီစင်တီဂရိတ်မှ ၂၀ ဒီဂရီစင်တီဂရိတ်ထိ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၁၀ ဒီဂရီစင်တီဂရိတ်မှ ၁၅ ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၉ ဒီဂရီစင်တီဂရိတ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့သည်။**မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မြဝတီမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ကျိုက်မရောမြို့တွင် ၃ ဒသမ ၁၄ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၈၉လက်မ၊ မော်လမြိုင်မြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၁ဒသမ ၆၁လက်မစီ၊ ကျိုက္ခမီမြို့တွင် ၁ ဒသမ ၄၆ လက်မနှင့် မုဒုံမြို့တွင် ၁ ဒသမ ၂၆ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင်တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၁၉ ရက် ညနေထိခန့်မှန်းချက်။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ် စဉ်ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အရာထမ်းငယ် အခြေခံသင်တန်းဆင်းအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၁၈

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ် (၄၈) သင်တန်းဆင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ဗဟိုဝန်ထမ်း တက္ကသိုလ်(ဖောင်ကြီး)ရှိ စစ်ရေးပြကွင်း၌ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ် ဦးဝင်းမောင်တက်ရောက်၍ သင်တန်းသား၊ သင်တန်းသူ စံပြဆုရရှိကြသူများအား ဆုများချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဆွေးနွေး

မအူပင် မတ် ၁၈

မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတထိန်းသိမ်းနိုင်ရေးနှင့် စဉ်ဆက်မပြတ် ငါးထုတ်လုပ်မှုတိုးတက်ရေးအတွက် နည်းစနစ်မမှန်သောနည်းဖြင့် ငါးဖမ်းမှုပပျောက်ရေးအတွက် ပညာပေးဆွေးနွေးခြင်း အခမ်းအနားကို မအူပင်မြို့နယ် မလက်တိုကျေးရွာ၌ မတ် ၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးညီညီလင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ်မပျက်စီးရေးအတွက် တာဝန်အသိစိတ်နှင့် ပူးပေါင်းဆောင်ရွက်ရေး၊ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်သောင်းက ရေနေငါးသယံဇာတ ရေရှည်တည်တံ့စေရေးအတွက် ငါးပြုန်းတီးစေသော စည်းကမ်းမဲ့နည်းလမ်းမမှန်သော ငါးဖမ်းနည်းများဖြင့် အဆိပ်ဆေးချငါးဖမ်းခြင်း၊ ဘက်ထရီရှော့တိုက် ငါးဖမ်းခြင်းများ မပြုကြရန် ပညာပေးဆွေးနွေးပြီး မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ နာဂစ်အလွန်ကာလအတွက် ငါးဖမ်းပိုက်များ ထောက်ပံ့ပေးခြင်းကို ရှင်းလင်းပြောကြားပြီး အဖွဲ့ချုပ်မှထောက်ပံ့သော ငါးဖမ်းပိုက် ၁၁၅ လက်အား ရေလုပ်သားကြီးများသို့ လက်ရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ (ခရိုင်ငါးလုပ်ငန်း)

ငါးလုပ်ငန်း စီမံခန့်ခွဲမှုဆိုင်ရာသင်တန်း မြိတ်မြို့၌ဖွင့်လှစ်

ရန်ကုန် မတ် ၁၈

တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် အရှေ့တောင်အာရှငါးလုပ်ငန်းဖွံ့ဖြိုးရေးဗဟိုဌာန (SEAFDEC)၊ ဆွီဒင်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (Sida)နှင့် ဘင်္ဂလားပင်လယ်အော် ဂေဟစနစ်ကြီးစီမံကိန်း (BOBLME) တို့ ပူးပေါင်းကျင်းပသည့် ငါးလုပ်ငန်းဂေဟစနစ်ပေါင်းစည်းဆောင်ရွက်သည့် ငါးလုပ်ငန်း စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်ပွဲကို မတ် ၃ ရက်က မြိတ်မြို့ မြိတ်ဟိုတယ်ခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မျိုးဝင်းနှင့် မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က သင်တန်းဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ငါးလုပ်ငန်းဂေဟစနစ် ပူးပေါင်းဆောင်ရွက်ရေး သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။ (ကြေးမုံ)

(၆၆)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော မင်းလမ်း ကတ္တရာလမ်းဖွင့်ပွဲကို မတ် ၉ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးနှင့် ရပ်မိရပ်ဖဦးသိန်းမောင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။(မြို့နယ်စည်ပင်)

မီးဘေးရှောင် မလောင်ခင်တား

ပန်းသရဖီ ဝေကာစီ မိန်ရာသီလတပေါင်း

တင်ထွင့်(အစိုးရတိုင်းရင်းဆေး)

ယခုကျရောက်လျက်ရှိသော တပေါင်းလသည် မြန်မာလများတွင် တစ်ဆယ့်နှစ်လမြောက်၊ တစ်နှစ်တာကာလ၏နောက်ဆုံးလဖြစ်ပြီး တပေါင်းလ၏ ပထမလဝက်ကာလသည် ဆောင်းရာသီအတွင်းကျရောက်၍ ဒုတိယလဝက်ကာလသည် နွေရာသီအတွင်းကျရောက်သည့်အတွက် ဆောင်းရာသီ၏အဆုံး နွေရာသီ၏ အစ၊ နွေဟူ၍လည်းမပီသေးသည့် စပ်ကူးမပ်ကူး အခါသမယဖြစ်သဖြင့် ထူးခြားသည့်ဆောင်းကူး နွေစ သာယာလှသော လရာသီဟုဆိုနိုင်ပေသည်။

တပေါင်းလတွင် မြောက်လေညင်းနှင့် ဆောင်းနှင်းကြွင်းတို့ ရှိနေကြဆဲပင်ဖြစ်ကာ ဆောင်းရိပ် ဆောင်းငွေ့ မပြေသေးဘဲ အေးမြဲအေးလျက်ပင် ရှိသည်ကို အကြောင်းပြုလျက် ရှေးမြန်မာကြီးတို့က **“နေ့ပူလို့ ညချမ်း၊ တပေါင်းလသရမ်း”**ဟု ဆိုထုံးပြုခဲ့ကြပြန်ပါသည်။

သို့ရာတွင်**“ချမ်းမြမသန်၊ ပြင်းထန်မပူ၊ လွင့်မြူမထောင်း၊ ညွန့်ပျောင်းမချဉ်း၊ လေပြင်းမလာ--”**ဟု ဆိုသည့်အတိုင်း ရာသီဥတုမှာ မချမ်းလွန်း မပူလွန်းသေးဘဲ သဘာဝအခြေအနေသာယာလှသဖြင့် နေထိုင်ကောင်းသည့် လရာသီဖြစ်ပေသည်။ ခါနွေဆန်းစ ဤလရာသီတွင် တောတောင်ဝန်းကျင်တစ်ခွင်ရှိ သစ်ပင်အပေါင်းတို့တွင်လည်း ရွက်ဟောင်းများကြွေကျကာ ရွက်သစ်များဝေဆာ နေကြပြီဖြစ်ရကား ပတ်ဝန်းကျင်တစ်ခိုတွင် စိမ်းလန်းစိုပြည်သာယာလျက်ရှိပေသည်။

တပေါင်းကိုပုဂံခေတ်ကျောက်စာတို့၌ တပေါင်ဟုခေတ်ရေးထုံးအတိုင်း ရေးသားခဲ့သည်ကို တွေ့ရှိရသည်။ အင်းဝခေတ်၌မူ ဝိသဇ္ဇနီရေးထုံးပေါ်လာပြီဖြစ်သဖြင့် ယခုခေတ်ရေးသားသကဲ့သို့ တပေါင်းဟုရေးသားခဲ့ကြသည်။ ဗေဒင်အလိုအားဖြင့်တပေါင်းလကို မိန်ရာသီဟုခေါ်သည်။ ငါး ဟုအဓိပ္ပာယ်ရသည့်ပါဠိပုဒ် မိနမှ မိန်ဟုဖြစ်လာသည်။ အဓိပ္ပာယ်မှာ ငါးများရှင်မြူးကြိုက်နှစ်သက်သောရာသီ(ဝါ)ငါးနှစ်ကောင်ရုပ်ရှိသော ရာသီကိုဆိုလိုသည်။ စန်းယှဉ်နက္ခတ်မှာ ဥတ္တရာ ဘရဂုဏ္ဏီဖြစ်သည်။ သရဖီပန်းကို တပေါင်းလ၏ ရာသီပန်းအဖြစ်အသိအမှတ်ပြုကြ၏။ တပေါင်းလတွင် မြစ်များ၊ ချောင်းများ ရေစစ်ကာ သောင်ခုံသဲပြင်များပေါ်ထွန်းလာသဖြင့် ရှေးအခါက သဲပုံစေတီတည်သည့် ရာသီပွဲကျင်းပလေ့ရှိကြသည်။ နေ့တာတို၍ ညတာရှည်သော ရက်စုံလဖြစ်သည်။

တပေါင်းနှင့် ပတ်သက်၍ မြန်မာလအမည်များ စာအုပ်တွင် **“တ”**ပုဒ်သည် တပို့တွဲ၊ တန်ခူးတို့၌ ကဲ့သို့ ထန်းပုဒ်ပျက် ထန်းဟောပင်ဖြစ်ကြောင်း၊ **“ပေါင်း”**၏ အဓိပ္ပာယ်မှာ ချက်ခြင်း၊ ကျိုခြင်း၊ ပြုတ်ခြင်း၊ လှော်ခြင်း၊ ဖုတ်ခြင်းစသည်တို့ဖြင့် တစ်စုံတစ်ရာကို ကျက်နပ်စေသည်ဟု အဓိပ္ပာယ်ရကြောင်း၊ သာဓကအားဖြင့် ကောက်ညှင်းပေါင်းသည်ဆိုရာ၌ ရေဆူသော အခိုးအငွေ့ဖြင့် ကျက်နပ်စေသကဲ့သို့ ငါးကို ပေါင်းသည်၊ ဝက်သားကို ပေါင်းသည်ဆိုရာ၌ ငါး၊ ဝက်သားတို့ကို တစ်စုံတစ်ရာတွင်ထည့်၍ ရေဖြင့်ပြုတ်ခြင်း၊ ချက်ခြင်းသာဖြစ်ကြောင်း၊ အဝတ်အထည်များကို ပေါင်းသည်ဆိုရာ၌လည်း ယင်းတို့ကို ရေတွင်ထည့်၍ ဆပ်ပြာစသည်ဖြင့် ပြုတ်ခြင်းပင်ဖြစ်ကြောင်း၊ ဤသို့ ထန်းဟုအဓိပ္ပာယ်ရရှိသည့် **“တ”**နှင့် ချက်ခြင်း၊ ပြုတ်ခြင်းဟု အဓိပ္ပာယ်ရှိသည့် **“ပေါင်း”**ပုဒ်တို့ကို တွဲဆက်လိုက်ပါက တပေါင်းဟူသော မြန်မာဘာသာသည် ထန်းချက်လ (ဝါ)ထန်းရည်ကို ထန်းလျက်ဖြစ်အောင် ကျိုချက်သောလဟု အဓိပ္ပာယ်ဖော်ညွှန်းပေသည်။

ထန်းသမားတို့သည် တပို့တွဲလ၌ နင်းနှိမ်ထားသောထန်းဖူး၊ ထန်းခိုင်တံများကို တပေါင်းလသို့ ရောက်ရှိသောအခါ နွှေး၍ ထန်းရည်ခံကာ ထန်းလျက်ချက်ကြသည်မှာ ရှေးအစဉ်အလာတစ်ရပ်ဖြစ်ကြောင်းကို မင်းနဝဒေးဆိုရတုတွင် **“ထန်းလျှင်တိုစ၊ မြစ်မကြည်းနေ၊ ကမ်းခြေရစ်ဆင်၊ ဖြူစင်သဲထက်၊ မြို့နောက်ဘက်ဝယ်၊ ကျေးငှက်တွန်သောင်း၊ ပျော်နှစ်ထောင်းသည်၊ တပေါင်းလများ သခင်သောဝ်”**ဟု ရေးဖွဲ့ခဲ့ကြပေသည်။

တပေါင်းလ၏ သရုပ်နှင့် စပ်လျဉ်းပြီး စာဆိုရှင်မင်းဇေယျရန္တမိတ်၏ မြနန်းရဝေချီရတုတွင် **“ရာသီကြက်ဆောင်း၊ တပေါင်းမူးမူး၊ မင်းလွင်ဦး၌၊ ညွန့်ဖူးကင်းငုံ၊ ပင်တိုင်းစုံသည်၊ ရဂုံထွေတဆန်း လှည့်သော”** ဟူ၍တစ်မျိုး **“ရွှေလျှံတောလုံး၊ အိုင်ထုံးမြစ်ခွင်၊ ကြည်စင်မြမြ၊ တပေါင်းလ”**ဟူ၍တစ်ဖုံ၊ **“တပေါင်းသာခေါင်၊ လများနောင်ဝယ်၊ တောတောင်စုံပေါင်း၊ ညွန့်သစ်လောင်းသည်၊ နှာမောင်းခွေလည် လှည့်လိမ့်မည်”**ဟူ၍ တစ်နည်း ဖော်ထုတ်ရေးဖွဲ့ခဲ့ပေသည်။

တပေါင်းလ၏ ရာသီပွဲမှာ သဲပုံစေတီပွဲပင်ဖြစ်သည်။ ဤပွဲတော်ကား ဘာသာရေးဆိုင်ရာပွဲတော်ဖြစ်သဖြင့် မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာစတင်ထွန်းကားသောအချိန်ကပင် ကျင်းပခဲ့သော ပွဲတော်အဖြစ်ယူဆရပေသည်။ ထိုပွဲတော်နှင့် စပ်လျဉ်းပြီး အစောဆုံးတွေ့ရှိရသည့် ရှေးဟောင်းစာပေကား အင်းဝခေတ်စာဆိုအကျော် ရှင်မဟာသီလဝံသ ဖွဲ့ဆိုခဲ့သည့် ဗုဒ္ဓုပ္ပတ္တိပျို့၊ တပေါင်းလဘွဲ့တွင် **“ငါးတန် ငါးကြင်း၊ ရွှေတသင်းတို့၊ မြစ်တွင်းမြူးပျော်၊ ဇင်ယော်မြစ်တွေး၊ ချစ်သံလေးနှင့်၊ ရေကျေးရေငှက်၊ စက္ကဝါက်ဟသာ ငှက်တကာလည်း၊ ဘာသာကျူးကျော်၊ မြူးပျော်ကြတုံ၊ ငွေသောင်ခုံဝယ်၊ သဲပုံစေတီ၊ ပွဲတော်ပြီတည်း”** ဟု ဖွဲ့ဆိုထားသည်ကို တွေ့ရှိရာ အင်းဝခေတ်၌မူ သဲပုံစေတီပွဲတော်ကို ကျင်းပနေပြီဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင် တပေါင်းလသို့ ရောက်ရှိလာသည့်အချိန်၌ မြစ်များ၊ ချောင်းများတွင် ရေစစ်ကာ သဲခုံသောင်ခုံကလေးများ နေရာအနှံ့ပေါ်ထွန်းလာလေ့ရှိကြသည်။ ထို့ပြင် တောင်သူဦးကြီးတို့အနေဖြင့် လယ်ယာလုပ်ငန်းခွင်မှ အနားယူကြသည့် ကာလလည်းဖြစ်သည့်အတွက် မြန်မာဘုရင်များသည် ထိုလတွင် သဲပုံစေတီပွဲကို ရာသီပွဲအဖြစ် သတ်မှတ်ကာ ရွှေနန်းတော်ကြီးမှသည် ကျေးလက်တောရွာလေးများအထိ ခြိမ့်ခြိမ့်သဲဆင်နွှဲကျင်းပခဲ့ကြသည်။

တပေါင်းလပြည့်နေ့ကို **“ဗုဒ္ဓပြည်တော်ဝင် အခါတော်နေ့”** အထိမ်းအမှတ်အဖြစ် နှစ်စဉ်ကျင်းပကြသည်။ ယင်းသို့ ကျင်းပရခြင်းမှာ ကာဠုဒါယီမထေရ်က ထိုနေ့တွင် မြတ်စွာဘုရားအား ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တော်မူပါရန်လျှောက်ထားသည်ကို အကြောင်းပြု၍ ကျင်းပရခြင်းဖြစ်ပါသည်။ ထိုအချိန်က မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူကာ အင်္ဂတိုင်းသားနှင့် မဂဓတိုင်းသားတို့အား တရားရေအေးတိုက်ကျွေးလျက် ရှိစဉ် ထိုသတင်းကိုကြားသိသော ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက မြတ်စွာဘုရားကိုပင့်ဆောင်ရန် ခေါင်းဆောင်အမတ် ၁၀ ဦးတို့ကို နောက်ပါအခြွေအရံ တစ်ထောင်စီဖြင့် ၁၀ ကြိမ်ခွဲကာ ရာဇဂြိုဟ်ပြည်သို့ စေလွှတ်လိုက်ပါသည်။ နောက်ဆုံးအသုတ်ကို ကာဠုဒါယီအမတ်ကြီးက ခေါင်းဆောင်၍သွားခဲ့ရာ မြတ်စွာဘုရားထံသို့ ရောက်ရှိပြီး တရားနာကြားကြရသောအခါ ဘုရားပင့်ဆောင်သူအားလုံးမှာ ကပိလဝတ်သို့ မပြန်ကြတော့ဘဲ သာသနာ့ဘောင်သို့ ဝင်ရောက်ကြပြီး ဧဟိဘိက္ခု ရဟန်းတွေချည်းဖြစ်ကုန်ကြပါသည်။ ယင်းသို့ ရဟန္တာဖြစ်ကြပြီးနောက် ကာဠုဒါယီမထေရ်က တပေါင်းလ၏ သာယာပုံကို ဂါထာ ၆၄ ဂါထာသီကုံး၍ မြတ်စွာဘုရားအား ခမည်းတော်၏ ကျေးဇူးကို သိရှိသောအနေဖြင့် မွေးရာဇာတိ ကပိလဝတ်နေပြည်တော်သို့ ကြွချိန်တန်ပြီဖြစ်ပါကြောင်း တပေါင်းလပြည့်နေ့တွင် လျှောက်ထားလေသည်။ ယင်းသို့ လျှောက်ထားချက်အရ မြတ်စွာဘုရားသည် ရဟန္တာအရှင်သူမြတ် နှစ်သောင်းခြံရံလျက် မဟာသက္ကရာဇ် ၁၀၃ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ရာဇဂြိုဟ်ပြည်မှ ယူဇနာ ၆၀ ကွာဝေးသော ကပိလဝတ်နေပြည်တော်သို့ တစ်နေ့လျှင် တစ်ယူဇနာခရီးဖြင့် ရက်ပေါင်း ၆၀တိုင်တိုင် နှစ်လကြာမျှ ဒေသစာရီကြွချီတော်မူခဲ့ပါသည်။

သို့ဖြစ်ရာ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းလင်းပြန့်ပွားလျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၌ တိုင်းရင်းသားပြည်သူများသည် ဤဆောင်းအကုန် နွေအကူး နွေဦးအစကာလ သာယာကြည်နူးဖွယ်ကောင်းလှသော ဤတပေါင်းလအခါသမယ၌ ဒါန၊ သီလ၊ ဘာဝနာများ ပွားများအားထုတ်ကြခြင်းဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ရပါသတည်း။ ။

(၂၀၁၁)ခုနှစ်၊ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့

“တီဘီရောဂါကင်းဝေးရေး၊ အရှိန်အဟုန်မြင့်ဆောင်ရွက်ပေး”

“On the move against Tuberculosis, transforming the fight towards elimination”

World Health Organization

မတ်လ(၂၄)ရက် 24th March

သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံ မီးသတ်သင်တန်းဖွင့်ပွဲ ပျဉ်းမနား၌ ကျင်းပ

နေပြည်တော် မတ် ၁၈

ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန ပင်မယန္တရားပြင်အလုပ်ရုံတို့ ပူးပေါင်းဖွင့်လှစ်သည့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ်(၁/၂၀၁၁) သင်တန်းဖွင့်ပွဲကို မတ် ၉ ရက်က အဆိုပါ အလုပ်ရုံ၌ ကျင်းပရာ နေပြည်တော် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ရဲကျော်သူ ရဲသူရ ဦးသန်းကျော်ကျော်၊ ဒုတိယအထွေထွေမန်နေဂျာ ဦးမြင့်ဆွေ၊ ခရိုင်မီးသတ်ဦးစီးဌာနမှူး (တာဝန်) လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ရဲသူရိန် ခင်မောင်ရီ၊ အလုပ်ရုံမှ ဝန်ထမ်းများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူး ရဲကျော်သူရဲသူရ ဦးသန်းကျော်ကျော် **(အပေါ်ပုံ)**နှင့် ဒုတိယအထွေထွေမန်နေဂျာ ဦးမြင့်ဆွေတို့က သင်တန်းဖွင့်အမှာစကားပြောကြားကြသည်။သင်တန်းသို့ သင်တန်းသား ၃၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရှိရသည်။

(ကြေးမုံ)

ဆုချီးမြှင့်

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အလက (၅)၏ ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ သချ်ာစွမ်းရည် မြို့နယ်အဆင့် ပထမဆုရရှိသော အဌမတန်းမှ မောင်မြတ်မင်းဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝေတင် ဆုချီးမြှင့်စဉ်။

(ပညာရေး)

ကြို့ကုန်း အထက(ခွဲ) မြတ်ဆရာပူဇော်မည်

ရန်ကုန် မတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာအထက(ခွဲ)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၁၀ရက် နံနက် ၁၀နာရီတွင် ယင်းကျောင်းမြတ်လေးရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေး ရပ်နီးမှ အပူဇော်ခံဆရာကြီး၊ဆရာမကြီးများနှင့်ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပါရန်နှင့် လှူဒါန်းလိုသူများသည် အတွင်းရေးမှူး ဦးတင်မော်ဆန်း ဖုန်း-၀၉-၈၅၇၂၇၅၁၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေလွင်လွင် ဖုန်း-၀၉-၈၅၆၈၂၉၁ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(ကြေးမုံ)

လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း သင်တန်းဖွင့်

ကျိုက်ထို မတ် ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်းနှင့် မြေစာရင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ရက်က မြို့နယ်မြေစာရင်းဦးစီးဌာန ရုံးခန်းမ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်း**(အောက်ပုံ)**နှင့် ယာယီ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးအေးလွင်တို့က အမှာစကားပြောကြားကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

တပ်မတော်စိုက်ပျိုးရေးသင်တန်း အမှတ်စဉ်(၆၉)သင်တန်းဆင်းပွဲ ကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ထူးချွန်ဆုများပေးအပ်ချီးမြှင့်

ရန်ကုန် မတ် ၁၈

တပ်မတော်စိုက်ပျိုးရေးသင်တန်း အမှတ်စဉ်(၆၉)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြန်မာ့ဆန်စပါးသုတေသနဌာနရှိ တပ်မတော်စိုက်ပျိုးရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်စိုက်ပျိုးရေးသင်တန်း ကျောင်းအုပ်ကြီးနှင့် သင်တန်းဆရာ၊ ဆရာမများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်တင်ငွေသည် မြန်မာ့ဆန်စပါးသုတေသနဌာန မြေညီထပ်၌ ခင်းကျင်းပြသထားသည့် မြန်မာ့ဆန်စပါးသုတေသနဌာနမှ ထုတ်ဝေဖြန့်ဖြူးသော စပါးမျိုးများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သင်တန်းဆင်းပွဲ အခမ်းအနားကို တပ်မတော်စိုက်ပျိုးရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ဗိုလ်ချုပ်တင်ငွေက နိုင်ငံတော်၏ လယ်ယာထုတ်ကုန်စွမ်းအား ပိုမိုတိုးမြှင့်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြရေး၊ တပ်မတော်၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရေးနှင့် ခေတ်မီ စိုက်ပျိုးရေးပညာရပ်များ ဆင့်ပွားပညာပေးနိုင်ကြရေးတို့နှင့် စပ်လျဉ်း၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ကာ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ တပ်မတော်စိုက်ပျိုးရေးသင်တန်း အမှတ်စဉ်(၆၉)သင်တန်းသို့ သင်တန်းသား ၃၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်ကြောင်း သိရှိရသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ မြန်မာ့ဆန်စပါးသုတေသနဌာန မြေညီထပ်၌ ခင်းကျင်းပြသထားသည့် မြန်မာ့ဆန်စပါးသုတေသနဌာနမှ ထုတ်ဝေဖြန့်ဖြူးသော စပါးမျိုးများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဗိုလ်ချုပ်တင်ငွေသည် ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး ပြည်ပမှ ဆိုက်ရောက်ခရီးသည်များအား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဏုမြူစွမ်းအင်ဦးစီးဌာနမှ တာဝန်ရှိသူများက အဏုမြူဓာတ်ရောင်ခြည် သင့်၊ မသင့် စစ်ဆေးသည့် ကိရိယာ (Radiation Detector) များဖြင့် စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလုပ်ငန်းကို ယနေ့မှစတင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ရန်ကုန်ဆိပ်ကမ်းတို့၌ စတင်ဆောင်ရွက်ပြီး ဂျပန်နိုင်ငံမှ ဆိုက်ရောက်ခရီးသည်များနှင့် ဂျပန်နိုင်ငံမှတစ်ဆင့် ဖြတ်သန်းဝင်ရောက်လာကြသော ပြည်ပဆိုက်ရောက်ခရီးသည်များနှင့် ၎င်းတို့၏ ပစ္စည်းများ၌ အဏုမြူဓာတ်ရောင်ခြည် သင့်မှု ရှိ၊ မရှိကို စနစ်တကျကြပ်မတ်စစ်ဆေးတိုင်းတာသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အမေ့ဂုဏ်ရည်ကို ဖွဲ့ဆိုသီကျူးသည့် မြင်းမိုရ်ဦးသို့ ပူးမြင်ခြင်းကဗျာများ စာအုပ်ထုတ်ဝေ

ရန်ကုန် မတ် ၁၈

*ဤလောက၌ အမေ့မေတ္တာသည် ပင်လယ်သမုဒ္ဒရာထက် ကျယ်ဝန်း၏။ အမေ့ကျေးဇူးသည် မြင်းမိုရ်တောင်ဦးမက ကြီးမား၏။ အမေသည် သားသမီးတို့အတွက် နားခိုရာ အရိပ်ကောင်းဖြစ်သကဲ့သို့ အားကိုးအားထားပြုရာ သူရဲကောင်းလည်းဖြစ်၏။ ထိုကဲ့သို့ ချီးကျူးဖွဲ့ဆို၍ မကုန်နိုင်သော အမေ့ဂုဏ်ရည်ကို ဖွဲ့ဆိုသီကျူးထားသည့် မြင်းမိုရ်ဦးသို့ ဖူးမြင်ခြင်း ကဗျာများစာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ထုတ်ဝေဖြန့်ချိလိုက်သည်။***(ယာပုံ)** *အမေကို ချစ်သော၊ အမေကို မြတ်နိုးသော၊ အမေ့ကျေးဇူး၊ အမေ့တန်ဖိုးကို သိနားလည်သော သားသမီးတိုင်း တစိမ့်စိမ့်၊ တသိမ့်သိမ့် ဖတ်ရှုနိုင်ကြစေရန်အတွက် မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ စလင်းဘုန်းကျော်၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မျိုးမြတ်မြတ်မြင့်မောင်တို့က ရေးဖွဲ့ထားပြီး ပုဒ်ရေ ၅၄ ပုဒ် ပါဝင်သည်။*

ဤစာအုပ်၏ ထူးခြားချက်မှာ ရေးသားဖွဲ့ဆိုကြသော ကဗျာစာဆိုများသည် အမျိုးသားစာပေဆု၊ စာပေဗိမာန် စာမူဆု၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု၊ တပ်မတော်နေ့ အထိမ်းအမှတ်ပြိုင်ပွဲဝင်ကဗျာဆု အစရှိသည့် နိုင်ငံတော်က ချီးမြှင့်သော စာပေဆုများကို အသီးသီး ရရှိထားသူများဖြစ်ပြီး တစ်ဦးချင်းစီ၏ အမေ့အပေါ်ထားရှိကြသော စေတနာ အလှ၊ မေတ္တာအလှ၊ နားလည်သိတတ်ခြင်း အလှတရားများကို ကဗျာဖတ်သူများ ရသမြောက်စွာ ခံစားနိုင်ကြရန် မြန်မာကဗျာ ပီပီသသ ရေးဖွဲ့ထားကြခြင်းပင် ဖြစ်ပါသည်။

ပန်းချီမောင်ညီညီက မျက်နှာဖုံး သရုပ်ဖော်ရေးဆွဲထားပြီး တစ်အုပ်လျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းပညာရေးကောလိပ်နှင့် ရန်ကင်းကြေးအိုးဆိုင်ကြား သစ္စာလမ်းမကြီး ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀ တို့နှင့် တစ်ပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

News Watch (စောင့်ကြည့်)သတင်းဂျာနယ် အတွဲ ၆၊ အမှတ် ၃၆ ထွက်ရှိ

ရန်ကုန် မတ် ၁၈

ကျပ် ၅၅ သိန်းတန် ချယ်ရီဝက်ဝွန်းကား နေပြည်တော်မှာ လျှောက်ထားနိုင်၊ မြန်မာ့လေကြောင်းမှ လေယာဉ်မယ်တွေခေါ်ယူနေ၊ ယခုနှစ်သင်္ကြန်မဏ္ဍပ်တွေမှာ လုံခြုံရေးဝန်ထမ်းများအတွက် လုံခြုံရေးတာဝန်များ သတ်မှတ်၊ မတ်လမှာ ပုံမှန်မဟုတ်တဲ့ မိုးတွေရွာလို့ ဘာတွေနောက်ဆက်တွဲဖြစ်ဦးမလဲ၊ ဂျပန်နျူကလီးယားစက်ရုံ ပေါက်ကွဲမှုကြောင့် မြန်မာမှာ မထိခိုက်နိုင်ကြောင်း ဦးထွန်းလွင်ရှင်းလင်း၊ ရခိုင်ကမ်းမြောင်ဒေသမှ ရေနံစွမ်းအင်၊ မလေးရှားနိုင်ငံမှ ကားဆားဗစ်စင်တာ လာရောက်ဖွင့်လှစ်ရန်စီစဉ်၊ တိုးချဲ့ ဗဟိုစံပြငါးဈေးသစ်ကြီး ဇူလိုင်လကုန်ခန့်တွင် ဖွင့်လှစ်ရန်မျှော်မှန်း၊ နွေရာသီကာလအတွင်း ယာဉ်မောင်းများ လိုက်နာရန်အချက်များ ထုတ်ပြန်၊ ဆူနာမီဖြစ်ပွားပြီး သုံးရက်အကြာ အပျက်အစီးပုံမှ (၄)လ အရွယ်ကလေးငယ် မသေဘဲတွေ့ရှိ၊ ပင်လယ်တွင်း နှစ်ရက်ကြာမျောပါနေခဲ့သည့် အမျိုးသမီးကြီး အသက်ရှင်လျက်တွေ့ရှိ၊ ဂျပန်ငလျင်နှင့် ဆူနာမီနှင့် တွေ့ကြုံခဲ့ရသည့် နေတိုး၏ပြောပြချက်၊ ဒဏ္ဍာရီဆန်ဆန် ပျောက်ဆုံးနေခဲ့သော အတ္တလန်တစ်မြို့ကြီးကို သုတေသနအဖွဲ့က ရှာဖွေတွေ့ရှိ၊ ဩစတြီးယားလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာမည်၊ လေပြင်းတိုက်ခတ်၍ ဧရာဝတီတိုင်းဒေသကြီးမှာ နေအိမ်များပျက်စီး၊ မြန်မာ့သတင်း၊ ကမ္ဘာ့သတင်းများနှင့် News Watch (စောင့်ကြည့်) သတင်းဂျာနယ် အတွဲ ၆၊ အမှတ် ၃၆ ထွက်ရှိပြီဖြစ်သည်။ (သတင်းစဉ်)

အသက် (၈)နှစ်မှ (၁၈)နှစ်ကြားရှိ လူငယ်လေးများအတွက် နွေရာသီဘောလုံးသင်တန်း

ရန်ကုန် မတ် ၁၈

Workgroup Training Center က ကြီးမှူးပြီး မြန်မာ့လက်ရွေးစင်ကစားသမားဟောင်းကြီးများ၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)အသိအမှတ်ပြုလိုင်စင်ရနည်းပြများ၊ နေရှင်နယ်လ်လိဂ်ရှိ အသင်းကြီးအချို့မှ နည်းပြအဖွဲ့ဝင်များ ပူးပေါင်းပြီး မတ် ၂၆ ရက်မှ စတင်ပြီး နွေရာသီ ဘောလုံးပညာသင်တန်းအဖြစ် အထောက်အကူပြုပစ္စည်း အစုံအလင်ဖြင့် နယ်မြေဒေသအလိုက် သတ်မှတ်ထားသော သက်ဆိုင်ရာ ဘောလုံးကွင်းများတွင် အသက် (၈-၁၈)နှစ်အကြားရှိ လူငယ်လေးများကို သက်တမ်းအလိုက် ဘောလုံးပညာများ စတင်သင်ကြားပေးတော့မည် ဖြစ်ကြောင်း သိရသည်။

သင်တန်းချိန်များအဖြစ် နံနက် ၇ နာရီခွဲမှ ၉ နာရီအထိ တစ်ကြိမ်၊ ညနေပိုင်း ၄ နာရီခွဲမှ ၆ နာရီအထိ တစ်ကြိမ် အသက်(၈)နှစ်မှ (၁၂)နှစ်ကြားရှိ လူငယ်လေးများက တစ်ဖွဲ့၊ (၁၃)နှစ်မှ (၁၈)နှစ်ကြားရှိ လူငယ်လေးများကတစ်ဖွဲ့ နှစ်ဖွဲ့ခွဲပြီး အခြေခံဘောလုံးပညာများ၊ နည်းစနစ်ပိုင်းဆိုင်ရာများနှင့် သင့်တင့်လျောက်ပတ်သော ကြံ့ခိုင်မှုပိုင်းဆိုင်ရာများကို သင်ကြားပေးသွားမည်ဖြစ်သကဲ့သို့ သင်တန်းပြီးဆုံးပါကလည်း ပါရမီရှိသော ဘောလုံးသမားလေးများ၊ ခြေစွမ်း ခြေစရှိသော ဘောလုံးသမားလေးများကို ပြန်လည်ရွေးချယ်ပြီး လူငယ်လက်ရွေးစင်အဖြစ် ပြန်လည်ဖွဲ့စည်းပြီး ဆက်လက်လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုလက်ရွေးစင် လူငယ်လေးများမှတစ်ဆင့် နေရှင်နယ်လ်လိဂ် အသင်းများ၏ လူငယ်အကယ်ဒမီများထံသို့ ပြန်လည်လွှဲပြောင်းပေးနိုင်သည်အထိ ဆက်လက်လေ့ကျင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နွေရာသီ လူငယ်ဘောလုံးသင်တန်းကျောင်းသို့ တက်ရောက်လိုသော သင်တန်းသားများအနေဖြင့် ဝတ်စုံနှင့် အထွေထွေကုန်ကျစရိတ်များအတွက် သင်တန်းကြေး တစ်လလျှင် ငွေကျပ် ၂၈၀၀၀ နှုန်းဖြင့် ပေးသွင်းရမည်ဖြစ်ပြီး နယ်မှ လာရောက်သင်ကြားလိုသော လူငယ်လေးများအတွက် နေစရာအဆောင်ပါ စီစဉ်ပေးထားကြောင်း၊ မိမိတို့၏ ရင်သွေးငယ်လေးများကို ဘောလုံးပညာများနှင့် ခန္ဓာကိုယ်ကြံ့ခိုင်မှု လေ့ကျင့်ခန်းများ ငယ်စဉ်ကတည်းက အခြေခံပိုင်နိုင် ကျွမ်းကျင်စွာ သင်ကြားပေးခြင်းအားဖြင့် တစ်ချိန်တွင် ပရော်ဖက်ရှင်နယ်လ် ဘောလုံးသမားလေးများအတွက် မျိုးစေ့ကောင်းများ ချထားပေးနိုင်တော့မည် ဖြစ်ကြောင်း၊ အသေးစိတ် အချက်အလက်များ သိရှိလိုပါက Workgroup Training Center, Rm-403, Excel Treasure Tower Apartment, ရွှေဂုံတိုင် ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၉၃၇၇၊ လိုင်းခွဲ ၆၂၂၅၊ ၆၄၀၃၊ ၆၄၁၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

LUCKY BIRD Group of Companies ၏ IT- SHOP ပြခန်း၊ True Value ပြခန်း၊ TOSHIBA ပြခန်းများ ပြသ

ရန်ကုန် မတ် ၁၈

IT & Mobile Exhibition 2011 ကို မတ် ၁၈ ရက်မှ ၂၁ ရက် အထိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသထားရာ Lucky Bird Group of Companies ၏ IT Shop ပြခန်း၊ True Value ပြခန်းနှင့် Toshiba ပြခန်းများ ပါဝင်ပြသလျက်ရှိသည်။

Lucky Bird ၏ IT Shop ပြခန်းတွင် Toshiba Notebook, Copier များ၊ Remaco/EZ အမှတ်တံဆိပ် Projector Screen များ၊ USA အမှတ်တံဆိပ် Infocus Projectors များ၊ အရည်အသွေး မြင့်မားပြီး ဈေးနှုန်းချိုသာသော Optoma Projectors များ၊ နောက်ဆုံးပေါ် နည်းပညာပစ္စည်း အသစ်အဆန်းများကို ပြသထားသည်။

LUCKY BIRD ၏ True Value ပြခန်းတွင် လုပ်ငန်းတိုင်းအတွက် မရှိမဖြစ်လိုအပ်သော GIS Solution နှင့် မြေပုံထုတ်လုပ်ခြင်းများ၊ Geo Informatic Solution များဖြစ်သည့် Remote Sensing နှင့် Satellite Image များ၊ မြေပြင်အနေအထားကို Analysis ပြုပြင်နိုင်ရန် Survey Solution များ၊ လုပ်ငန်းနေရာ သတ်မှတ်ရွေးချယ်ခြင်း၊ လမ်း၊ တံတား တည်ဆောက်ရေးအတွက် Surveying၊ သဘာဝသယံဇာတ တူးဖော်ခြင်းအတွက် Geologic Field Survey လုပ်ငန်းများ အစရှိသည့် အဆင့်မြင့်နည်းပညာ Solution များကို ပြသထားသည်။

LUCKY BIRD Show Room များ ဖွင့်လှစ်ထားသည့် ရန်ကုန်မြို့ အမှတ်(၃၅၅) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၃၉၉၀၁၁၊ ၃၇၉၈၇၅၊ မန္တလေးမြို့ အမှတ်(၁၀၀) ၇၅လမ်းနှင့် ၃၁လမ်းထောင့် ဖုန်း-၀၂-၇၃၄၇၈နှင့် နေပြည်တော် သပြေကုန်းဈေး အနောက်မြောက်အဝိုင်း ဖုန်း-၀၆၇-၄၁၄၁၁၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။**(အောက်ပုံ)**

(သတင်းစဉ်)

ပခုက္ကူဦးအုံးဖေ စာပေဆုရစာအုပ်များ ဖြန့်ချိ

ရန်ကုန် မတ် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၉ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု ဝတ္ထုရှည်ဒုတိယဆုရ ကိုနိုင်း(ချင်းတောင်) ရေးသားသည့် "သက်တံရောင်စဉ် မြေပြင်နမ်းတဲ့ တောင်တန်းမြင့်နတ်ပန်းချီ" စာအုပ်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါ စာအုပ်တွင် ချင်းပြည်နယ်ရှိ တောင်စဉ်တောင်တန်းမြင့်တို့၏ သဘာဝအလှရှုခင်းအစုံစုံနှင့် ချင်းတိုင်းရင်းသားတို့၏ ဘဝလေ့အဖုံဖုံတို့ကို အခြေခံ၍ ရေးဖွဲ့ထားသည်။

အဆိုပါ စာအုပ်ကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁ နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပေ ၁၈၀ နှင့် အထက် ၂၆၂ စင်းမြောက် ဆားတောတံတားဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော်　　မတ်　　၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၉)က တာဝန်ယူတည်ဆောက်သည့် မိုင်းကိုင်မြို့နယ် ပန်ကေတု-သီပေါလမ်းပေါ်ရှိ ဆားတောချောင်းကိုဖြတ်၍ တည်ဆောက်ပြီးစီးခဲ့သော ပေ ၁၈၀ နှင့်အထက် ၂၆၂ စင်းမြောက် ဆားတောတံတားဖွင့်ပွဲအခမ်းအနားကို မတ် ၁၆ ရက် နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမုခ်ဦး၌ ကျင်းပရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြထွန်းဦး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဆားတောတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဧည့်ပရိသတ်များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြကာ တိုင်းမှူးက ဆားတောတံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြပြီး တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ယခုဖွင့်လှစ်သည့် ဆားတောတံတားမှာ တံတားအရှည် ပေ ၃၆၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီပါရှိကာ တံတားအောက်ခြေ ကိုးပေအချင်းရှိ သံကူကွန်ကရစ်ရေတွင်းခွေနှင့် လေးပေအချင်းရှိ အုတ်မြစ်အမျိုးအစားနှင့် တံတားအပေါ်ထည်မှာ သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ် ကြမ်းခင်း တို့ ဖြစ်သည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုယာဉ် အလေးချိန်မှာ တန် (၆၀) ဖြစ်သည်။

ယခုတံတားသစ်ကြီးသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက် ၂၆၂ စင်းမြောက် တံတားဖြစ်ပြီး ပြည်ထောင်စု လမ်းမကြီးဖြစ်သည့် လွိုင်လင်-ပန်ကေတု-သီပေါလမ်းပေါ်တွင်ရှိ၍ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ကို ပိုမိုတိုးတက်ကောင်းမွန်စွာ ဆက်သွယ်နိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်မြထွန်းဦးနှင့် တာဝန်ရှိသူများ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ဆားတောတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဆွမ်းဆန်တော်ကပ်လှူပွဲ အခမ်းအနား ကျင်းပ

ရန်ကုန်　　မတ်　　၁၈

ရွှေတိဂုံစေတီတော် (၂၅၉၉)နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကြီးကို မတ် ၁၀ ရက် (၁၃၇၂ ခုနှစ် တပေါင်းလဆန်း ၆ ရက်)မှစတင်၍ ကျင်းပလျက်ရှိပြီး ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော်၌ ကျင်းပရာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီး ၁၀ ပါးအပါအဝင် သံဃာတော် ၈၁ ပါးနှင့် သီလရှင် ၂၇ ပါး စုစုပေါင်း ၁၀၈ ပါးတို့အား ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ပွဲတော်ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ ရွှေတိဂုံစေတီတော်၌ အခြေပြုသည့် ဘာသာရေးအသင်းအဖွဲ့များနှင့် ဂေါပကရုံးဝန်ထမ်းများ၊ ဘုရားဖူးဧည့်သည်များက ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူကြသည်။

ဆွမ်းဆန်တော် လောင်းလှူပွဲတွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က လောင်းလှူခဲ့သည့် နဝကမ္မ အလှူငွေနှင့် လှူဖွယ်ပစ္စည်းတန်ဖိုးမှာ ငွေကျပ် ၂၂၇ သိန်း ၅ သောင်းဖြစ်ပြီး ဘာသာရေးအသင်းအဖွဲ့များနှင့် ဘုရားဖူးအလှူရှင်များက စုပေါင်းလှူဒါန်းသောတန်ဖိုးမှာ ငွေကျပ်သိန်းပေါင်း ၆၅၀ ခန့်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မတ် ၁၂ ရက်က သရုပ်ပြလေ့ကျင့်မှုဆောင်ရွက်ခဲ့ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် အမှုဆောင်အရာရှိ ဦးရဲမင်းကျော်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

အင်တာနက်၊ တယ်လီဖုန်း၊ ဖက်(စ်) သုံးနိုင်သည့် McWill စနစ် MDS ကုမ္ပဏီမှ ဝန်ဆောင်မှုစတင်

ရန်ကုန်　　မတ်　　၁၈

McWill စနစ်သည် Frequency 410-430 MHz ပေါ်တွင် 3.5G နည်းပညာသုံးထားပြီး Fixed နှင့် Mobile User များအတွက် မြန်နှုန်းမြင့် အင်တာနက်နှင့် တယ်လီဖုန်းစနစ်ကို အသုံးပြုထားသော နည်းပညာမြင့် စနစ်တစ်ခုဖြစ်သည်။ တယ်လီဖုန်းသည် MPT မှ ဝန်ဆောင်မှုပေးသည့် VoIP ဖုန်းဖြစ်သည်။ CS-OFDMA (Code Spreading Orthogonal Frequency Division Multiple Access) နည်းပညာ အားသာချက်ဖြင့် Data များ ပို့လွှတ်လက်ခံခြင်းတွင် အခြားသောနည်းပညာများထက် သာလွန်ကောင်းမွန်သည်။ McWill စနစ်ကို နိုင်ငံပေါင်း(၂၁)နိုင်ငံတွင် လက်ရှိအသုံးပြုနေကြပြီး မြန်မာနိုင်ငံ၏ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ပုသိမ်၊ တောင်ငူ၊ တာချီလိတ်၊ မကွေး (စေတုတ္တရာ)၊ နန်တော၊ ခန္တီး၊ ဟုမ္မလင်း၊ ပင်လည်ဘူး၊ ကလေးဝ၊ ဗန်းမောက်၊ မင်းကင်း၊ ကနီ၊ မြစ်ကြီးနား၊ မုံရွာ၊ ဖောင်းပြင်၊ ငဖဲမြို့များ၌ လက်ရှိအသုံးပြုနေသည်။ ပြည်၊ မိတ္ထီလာ၊ တောင်ကြီး၊ ကျိုင်းတုံ၊ မြိတ်၊ လားရှိုး၊ မော်လမြိုင်၊ ရွှေဘို၊ ပုပ္ပားတောင်စသည့်မြို့များတွင် မကြာမီ အသုံးပြုနိုင်မည်ဖြစ်သည်။

Triple Play Service ဖြစ်သော Voice, Data, Video ကို အသုံးပြုနိုင်ခြင်းဖြင့် e Government, Remote Education, Telemedicine, Emergency Handling, e Payment, Mobile Police, Video, Surveillance, Military Applications တို့တွင် အသုံးပြုနိုင်သည်။

SIM Card မပါဘဲ User ID နှင့် Password ဖြင့်သာ သုံးစွဲရသဖြင့် ဖုန်းပွားခြင်းမှ စိုးရိမ်စရာမလိုကြောင်း၊ Laptop, PC တို့တွင် ချိတ်ဆက်သုံးနိုင်သည့်အပြင် အင်တာနက်အသုံးပြုနိုင်သည့် McWill စနစ် အသုံးပြုနိုင်သည့် ဟန်းဆက်များတွင်ပါ တိုက်ရိုက်အသုံးပြုနိုင်ကြောင်း သိရသည်။

ကနဦးတပ်ဆင်ခ ငွေကျပ် ၅၀၀၀၀၀ (Internet+ Voice အသုံးပြုခ ငွေကျပ် ၅၀၀၀၀ အပါအဝင်)နှင့် နှစ်စဉ်ကြေး ငွေကျပ် ၆၀၀၀၀ ပေးသွင်းရမည်။ တစ်မိနစ်အသုံးပြုခမှာ အမြန်နှုန်း 128 Kbps အတွက် ငွေ ၂ ကျပ်၊ 256Kbps အတွက် ငွေ ၃ ကျပ်၊ 512Kbps အတွက် ငွေ ၆ ကျပ်နှင့် 1Megabit အတွက် ငွေ ၈ ကျပ်ဖြင့် မိမိနှစ်သက်ရာ Data Plan ကို အသုံးပြုနိုင်သည်။ ငွေကျပ် ၁၀၀၀၀ ထပ်မံပေးသွင်းပါက ဖက်(စ်)လိုင်း အသုံးပြုနိုင်မည်ဖြစ်သည်။ SMS တစ်စောင်အတွက် ငွေ ၂၅ ကျပ်နှင့် VoIP ဖုန်း အသုံးပြုခမှာ ပြည်တွင်းမည်သည့်နေရာကိုမဆို တစ်မိနစ်ငွေကျပ် ၅၀ ဖြစ်ပြီး ငွေကျပ် ၁၀၀၀၀၊ ငွေကျပ် ၃၀၀၀၀၊ FEC 20, FEC 50 Topup Card များကိုဝယ်ယူ၍ ငွေဖြည့်နိုင်သည်။

McWill ကို ရတနာပုံတယ်လီပို့၏ တရားဝင်အသိအမှတ်ပြု Local Service Provider ဖြစ်သော MDS Co., Ltd. ၏ One Stop Service Centre များတွင် လျှောက်ထားပါက ငွေသွင်းပြီး ၂၄ နာရီအတွင်း တပ်ဆင်ပေးနိုင်ရန် စီစဉ်ထားပြီး ဆက်သွယ်လိုပါက ရန်ကုန်မြို့ တိုက်(စီ) အခန်း (၀၁၂) လမ်းသွယ်(၂) Highway Complex နာနတ်တောလမ်း ကမာရွတ်မြို့နယ် ဖုန်း-၀၁-၅၂၃၅၂၃၊ ၀၁၀-၃၀၀၀၅၂၄၊ မန္တလေးမြို့ တိုက် (၅) (၂၆)လမ်း (၇၈×၇၉) ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၂၁၅၁၇၊ မုံရွာမြို့ အမှတ်(၅၅) ဗိုလ်ချုပ်အောင်ဆန်းလမ်း အောင်မင်္ဂလာရပ်ကွက် ဖုန်း-၀၇၁-၂၁၇၇၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပုသိမ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန်　　မတ်　　၁၈

ပုသိမ်အသင်း(ရန်ကုန်)၏ နှစ်(၉၀) ပြည့်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၂၁/၄၃စီ) တည်ရှိရာ ဧရာဝတီတိုင်းဓမ္မာရုံ၌ မတ် ၂၇ ရက် (တနင်္ဂနွေ)နေ့ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ မတ် ၂၀ ရက်နောက်ဆုံးထားပြီး အသင်းတိုက်သို့ စာရင်းပေးပို့ရမည်ဖြစ်ပြီး အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀၂၃၃၀၇၊ ဒုတိယဥက္ကဋ္ဌ ဦးဘအေး ဖုန်း-၆၆၁၆၈၅၊ ဦးမြင့်ဦး ဖုန်း-၃၈၁၃၆၁၊ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀၀၃၇၀၉၊ ဦးမြင့်နိုင် ဖုန်း-၀၉-၅၁၂၃၄၁၁၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀၀၆၁၂၈၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဌေး ဖုန်း-၀၉-၈၀ ၂၀၅၀၄၊ ဒေါ်ခင်နွဲ့ ဖုန်း-၂၂၆၇၇၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသက်ဝင်း ဖုန်း-၀၉-၅၁ ၅၀၁၀၀၊ အသင်းတိုက် ဖုန်း-၀၁-၃၇၉ ၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြောင်းမြမြို့ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မအိမ့်သီရိဇင်အား ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဝင်း စလွယ်နှင့်ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

သယ်န်းကျွန်းမြို့နယ် အမှတ်(၁၀) မူလတန်းကျောင်း၏ မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၁ ရက်က ကျင်းပရာ တတိယတန်း (ဂ)မှ ဘာသာစုံပထမဆုရ မလင်းထက်ထက်ထွန်းအား ကျောင်းအုပ်ဆရာကြီး ဦးအောင်ဝင်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

မိုးယွန်းကြီး ဘေးမဲ့တောထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာပေး

ဝေါ　　မတ်　　၁၈

ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်းဘေးမဲ့တော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာပေးဟောပြောပွဲနှင့် တရားမဝင်ငါးဖမ်းကျင်စက်များအပ်နှံသည့် အခမ်းအနားကို မတ် ၆ ရက် နံနက် ၉ နာရီတွင် ဝေါမြို့နယ် အင်းတိုင်စုကျေးရွာရပ်ကွက်ရုံးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် အုပ်ချုပ်ရေးမှူး ဦးသိန်းလွင်၊ ငွေစာရင်းအရာရှိ ဒေါ်ခင်အေး၊ တောအုပ်ကြီး ဦးစန်းဝင်းနှင့် စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဦးဝင်းမောင်တို့က မိုးယွန်းကြီးအင်းဘေးမဲ့တော အကြောင်း သိကောင်းစရာများကို ဟောပြောကြသည်။ ထို့နောက် ရေလုပ်သားများကိုယ်စား ကျေးရွာရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ရွှေက တရားမဝင်ငါးဖမ်းကျင်စက် ကိရိယာများကို တောအုပ် ဦးစိုင်းဝဏ္ဏကြည်ထံသို့ ပေးအပ်လိုက်ကြောင်း သိရသည်။

(အောက်ပုံ) (ကြေးမုံ)

တောင်ကြီးတက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

တောင်ကြီး　　မတ်　　၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ တောင်ကြီးတက္ကသိုလ်ဘွဲ့နှင်းသဘင်ဘက်စုံခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို မတ် ၄ ရက်က ကျင်းပရာ တက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာ ဒေါ်မူမူမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူး တင်စိုးရှိန်က စည်းကမ်းမလိုက်နာမှုကြောင့်ဖြစ်လေ့ရှိသော ယာဉ်တိုက်မှုများကိုလည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးဇော်ကိုကိုဖေက မော်တော်ဆိုင်ကယ်စီးသူများအပါအဝင် လမ်းအသုံးပြုသူများလိုက်နာရမည့် အချက်အလက်များကို Projector Laptop ဖြင့်လည်းကောင်း၊ VINYL ဓာတ်ပုံဖြင့်လည်းကောင်း အသီးသီးရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။ (ကြေးမုံ)

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၁၈

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေးဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ်(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်ကာ ပြည်တွင်း ပြည်ပရတနာကုန်သည်များသည် မတ် ၁၉ ရက်မှ ၂၂ ရက်အတွင်း ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် မဏိရတနာကျောက်စိမ်းခန်းမ အပေါ်ထပ်ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာ၍**(အပေါ်ပုံ)** ဝယ်ယူလိုရာ ကျောက်စိမ်းအတွဲများအလိုက် စစ်ဆေးခြင်း၊ မှတ်သားခြင်းများ ပြုလုပ်ကြသည်။အလားတူ ပြည်တွင်း ကျောက်မျက်ရတနာကုန်သည်များ၏ ကျောက်မျက်ရတနာပစ္စည်း အရောင်းဆိုင်များတွင်လည်း ဝယ်ယူသူ၊ ကြည့်ရှုလေ့လာသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့ နဝမနေ့ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း ပြည်ပ ရတနာကုန်သည် ၈၇၀၁ဦး လာရောက်ကြပြီး တင်ဒါစနစ်ဖြင့် ရောင်းချသည့် ကျောက်စိမ်းအတွဲ စုစုပေါင်း ၂၄၆၄ တွဲကို အပြိုင်အဆိုင်ဝယ်ယူကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာအားကစားသတင်းများ

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်ပွဲစဉ်များမဲခွဲ အင်္ဂလန်ထိပ်သီး ချယ်လ်ဆီးနှင့် မန်ယူတို့ ထိပ်တိုက်တွေ့ဆုံ

နိုင်ယွန် မတ် ၁၈

၂၀၁၀ -၂၀၁၁ ဘောလုံးရာသီ၏ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ ညနေက ဆွစ်ဇာလန်နိုင်ငံ နိုင်ယွန်မြို့၌ မဲခွဲဆုံးဖြတ်ခဲ့ရာ ချယ်လ်ဆီးနှင့်မန်ယူတို့ ထိပ်တိုက်တွေ့ဆုံမည်ဖြစ်ပြီး စပါးအသင်းမှာ ရီးယဲလ်မက်ဒရစ်အသင်းနှင့်ရင်ဆိုင်ရမည်ဖြစ်သည်။

ယနေ့မဲခွဲပွဲတွင် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်များကို စတင်မဲနှိုက်ရွေးချယ်ခဲ့ရာ ရီးယဲလ်မက်ဒရစ်(စပိန်) နှင့်စပါး (အင်္ဂလန်)၊ ချယ်လ်ဆီး(အင်္ဂလန်)နှင့် မန်ယူ(အင်္ဂလန်)၊ ဘာစီလိုနာ(စပိန်)နှင့် ရှက်တာဒိုးနက်(ယူကရိန်း)၊ အင်တာမီလန် (အီတလီ)နှင့် ရှော်ကေး (ဂျာမနီ)တို့ ဆုံတွေ့မည်ဖြစ်သည်။

တစ်ဆက်တည်းပင် ဆီမီးဖိုင်နယ်ပွဲစဉ်များကိုမဲခွဲခဲ့ရာ အင်တာမီလန်နှင့်ရှော်ကေးနိုင်သည့်အသင်းသည် ချယ်လ်ဆီး-မန်ယူနိုင်သည့်အသင်းနှင့်ဆုံတွေ့မည်ဖြစ်ပြီး ရီးယဲလ်မက်ဒရစ်နှင့်စပါး အနိုင်ရသည့်အသင်းသည် ဘာစီလိုနာ-ရှက်တာဒိုးနက် နိုင်သည့်အသင်းနှင့် ဆုံတွေ့မည်ဖြစ်သည်။

ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို ဧပြီ ၆ ရက်နံနက်ပိုင်းနှင့် ဧပြီ ၇ ရက် နံနက်ပိုင်းတို့တွင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ ၁၃ရက်နံနက်ပိုင်းနှင့် ၁၄ ရက် နံနက်ပိုင်းတို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကိုမူ ဧပြီ ၂၇ ရက်နံနက်ပိုင်းနှင့် ၂၈ရက်နံနက်ပိုင်းတို့တွင် ပထမအကျော့နှင့် မေ ၄ ရက် နံနက်ပိုင်းနှင့် ၅ ရက် နံနက်ပိုင်းတို့တွင် ဒုတိယအကျော့ပွဲစဉ်များကို ယှဉ်ပြိုင်ကစားစေမည် ဖြစ်သည်။ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို မေ ၂၈ ရက်တွင် အင်္ဂလန်နိုင်ငံ ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ***အင်တာနက်။***

ဟန်သစ်

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် မတ် ၁၈

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)၌ ဦးဌေးဝင်းမော် (မြင့်မြတ်အောင်ပွဲရုံ)သည် မတ် ၂ ရက် ညနေပိုင်းတွင် ကစားဖော်များဖြစ်ကြသော ဦးခင်မောင်ဇင် (မြတ်မွန်ရတနာပွဲရုံ)၊ ဦးဖိုးရှမ်း (စိန်ရွှေမြပွဲရုံ)၊ ဦးမြင့်ဝင်း(သိန်းပွဲရုံ)၊ ဦးမြင့်ဦး(ရွှေပြည်တန်ပွဲရုံ)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကိုက် ၁၄၀ အကွာရှိ ကျင်းအမှတ်(၁၁)သို့ SRIXON NO (2) ဘောလုံးအား SRIXON IRON (9) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

မြေငလျင်ဒဏ်ခံပြည်သူများ ဘေးအန္တရာယ်ကင်းရေး ဂျပန်ဘုရင်မင်းမြတ် အာကီဟီတို ဆုတောင်းမေတ္တာပို့သ

တိုကျို မတ် ၁၈

မြေငလျင်ဒဏ်ခံ ပြည်သူများဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မိမိဆုတောင်းမေတ္တာ ပို့သအပ်ပါကြောင်း ဂျပန်ဘုရင်မင်းမြတ် အာကီဟီတိုက မတ် ၁၆ ရက်တွင် ရုပ်မြင်သံကြားမှ တစ်ဆင့် ပြောကြားလိုက်သည်။

ဂျပန်နိုင်ငံတွင် လွန်ခဲ့သည့်ရက်သတ္တပတ်က လူအသေအပျောက်များပြားသော မြေငလျင်နှင့် ဆူနာမီရေလှိုင်းရိုက်ခတ်မှုအပြီး နျူကလီးယားစွမ်းအင်စက်ရုံများရှိ ဓာတ်ပေါင်းဖိုများမှ ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်လှိုင်းများပိုမိုထွက်ပေါ်လာနိုင်သည့် အခြေအနေနှင့်ပတ်သက် ၍ မိမိစိုးရိမ်ပူပန်မိကြောင်း အသက် ၇၇ နှစ်အရွယ်ရှိ ဘုရင်အာကီဟီတိုက ပြောကြားသည်။

မတ် ၁၁ရက်က မြေငလျင်လှုပ်မှုနှင့် ဆူနာမီရေလှိုင်း ရိုက်ခတ်မှုတို့ကြောင့် သေဆုံးသူဦးရေ မည်မျှရှိသည်ကို ယခုအချိန်အထိ အတိအကျ မသိရသေးကြောင်း ဘုရင်အာကီဟီတိုက ဝန်ခံပြောကြားသည်။

ပြည်တွင်း/ပြည်ပမှ အရေးပေါ်ကယ်ဆယ်ရေးလုပ်သားများသည် မြေငလျင်ဇုန်အတွင်း အလွန်အမင်း အအေးပြင်းထန်ခြင်းအပါအဝင် အခက်အခဲအမျိုးမျိုးကြားမှ ကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်နေကြကြောင်း ၎င်းက ပြောကြားသည်။

မြေငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသော ဖူကူရှီးမား အမှတ်(၁) နျူကလီးယားဓာတ်အားပေးစက်ရုံ၌ ခန့်မှန်းနိုင်ခြင်းမရှိသော အခြေအနေတစ်ရပ် ဖြစ်ပေါ်နေခြင်းအတွက် မိမိအလွန်အမင်းစိုးရိမ်ပူပန်မိကြောင်း ဂျပန်ဘုရင်က ပြောကြားသည်။ ***အင်တာနက်။***

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသရှိ အော်ဆူရှီမြို့၌ မြေငလျင်ကြောင့် တိုက်တာနေအိမ်များ ပြိုလဲနေသည်ကို မတ် ၁၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂျာမနီနျူကလီးယားဓာတ်အားပေးစက်ရုံများ လည်ပတ်မှု ယာယီပိတ်၍ လုံခြုံမှုစစ်ဆေးမည်

ဘာလင် မတ် ၁၈

ဂျပန်နိုင်ငံ၌ နျူကလီးယားပြဿနာပေါ်ပေါက်နေစဉ် ဂျာမနီနိုင်ငံသည် ၎င်း၏နျူကလီးယား ဓာတ်အားပေးစက်ရုံ ခုနစ်ရုံ၌ လုံခြုံရေးအရ ကြိုတင်စစ်ဆေးနိုင်ရန် စက်ရုံများလည်ပတ်မှုကို ယာယီရပ်ဆိုင်းမည်ဖြစ်ကြောင်း ဂျာမန်အဓိပတိ အင်ဂျလာမာကယ်လ်၏ အဆိုကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က အင်အားရစ်ချ်တာစကေး ၉ဒသမ သုညအဆင့်ရှိငလျင်နှင့် ဆူနာမီရေလှိုင်းဒဏ်များခံစားခဲ့ရသော ဂျပန်နိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် ဂျာမနီနိုင်ငံသားများအနေဖြင့် ငွေကြေးများ ထည့်ဝင်လှူဒါန်းပေးကြရန် ဂျာမနီဝန်ကြီးချုပ်က ပါလီမန်အောက်လွှတ်တော်၌ မိန့်ခွန်းပြောကြားရာတွင် တိုက်တွန်းလိုက်သည်။

ဂျာမနီ၏ နျူကလီးယားဓာတ်အားပေးစက်ရုံများသည် ကမ္ဘာပေါ်ရှိ လုံခြုံရေးအရ စိတ်အချရဆုံး ဓာတ်အားပေးစက်ရုံများတွင်ပါဝင်ကြောင်း မာကယ်လ်က ပြောကြားသည်။

ဂျပန်နိုင်ငံ ကြုံတွေ့နေရသော နျူကလီးယားပြဿနာကြောင့် ကမ္ဘာ့နိုင်ငံများသည် ၎င်းတို့၏ နျူကလီးယားစက်ရုံများ လုံခြုံရေးအဆင့်ကို ပြန်လည်သုံးသပ်နေရသည့်အနေအထားသို့ ရောက်ခဲ့ရသည်။

ဘူလ်ဂေးရီးယားနိုင်ငံသည် ပြတ်ရွေ့ကြောရှိရာဒေသအနီး တည်ဆောက်မည့် နျူကလီးယား ဓာတ်အားပေးစက်ရုံစီမံကိန်းကို ရပ်နားရန် စဉ်းစားလျက်ရှိပြီး ကမ္ဘာပေါ်၌ နျူကလီးယားစွမ်းအင်အပေါ် အမှီခိုရဆုံး နိုင်ငံဖြစ်သည့် ပြင်သစ်နိုင်ငံကလည်း ၎င်း၏ နျူကလီးယားဓာတ်ပေါင်းဖို ၅၈ ခုကို စစ်ဆေးမှုများပြုလုပ်ရန် ဆိုင်ရာသို့ ညွှန်ကြားထားသည်။ ***အင်တာနက်။***

ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရန် တရုတ်နိုင်ငံ၏ ငါးနှစ်စီမံကိန်းသစ်၌ ရည်မှန်းချက်များချမှတ်

ပေကျင်း မတ် ၁၈

တရုတ်နိုင်ငံသည် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချနိုင်ရေးအတွက် စက်မှုလုပ်ငန်းများက ဥပဒေအရလိုက်နာရမည့် စံနှုန်းသတ်မှတ်ချက်များနှင့်ပတ်သက်၍ မကြာမီကကျင်းပပြီးစီးခဲ့သော အမျိုးသားပြည်သူ့ကွန်ကရက်၌ အတည်ပြုချမှတ်ခဲ့ကြောင်း တရုတ်သတင်းဌာနများက မတ် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ ပေကျင်းမြို့တော်ရှိ ပြည်သူ့မဟာခန်းမဆောင်ကြီး၌ ကျင်းပခဲ့သော (၁၁)ကြိမ်မြောက် အမျိုးသားပြည်သူ့ ကွန်ဂရက်တွင် (၁၂)ကြိမ်မြောက် ငါးနှစ်စီမံကိန်း(၂၀၁၁-၂၀၁၆ခုနှစ်)က အတည်ပြုခဲ့ကြောင်း၊ ယင်းစီမံကိန်းတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းရည်မှန်းချက်များကို ရေးဆွဲချမှတ်ထားကြောင်း ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲရေးဆိုင်ရာ ဆွေးနွေးပွဲ၏ တရုတ်နိုင်ငံကိုယ်စားလှယ် စီကျွမ်းဟွာက ပြောကြားသည်။

တရုတ်နိုင်ငံသည် စွမ်းအင်နည်းပညာသစ်များကိုအသုံးပြုကာ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ပမာဏကို လျှော့ချနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း စီကျွမ်းဟွာက ပြောကြားသည်။

တရုတ်နိုင်ငံသည် ၂၀၀၅ -၂၀၁၀ခုနှစ် ကာလအတွင်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုပမာဏကို ၁၀ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့သည်။

တရုတ်နိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိခိုက်စေနိုင်ခြင်းမရှိသော ကုန်ထုတ်လုပ်မှုသို့ ဦးတည်ဆောင်ရွက်နေကြောင်း၊ လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်း၊ စွမ်းအင်ကိုထိရောက်စွာ အသုံးပြုသော ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် ထုတ်လုပ်ရေးလုပ်ငန်း စသည့် မဟာဗျူဟာမြောက် ထွန်းသစ်စ စက်မှုလုပ်ငန်းများကို ဖြည့်တင်းအားပေးရန် ငါးနှစ်စီမံကိန်းသစ်တွင် ဖော်ပြထားကြောင်း စီကျွမ်းဟွာက ဖြေကြားသည်။ ***အင်တာနက်။***

ဂျပန်မြေငလျင်နှင့် ဆူနာမီရေလှိုင်းတို့ကြောင့် လူပေါင်း ၅၄၅၇ဦးသေဆုံးပြီး ၇၅၅၈ ဦးပျောက်ဆုံးနေ

တိုကျို မတ် ၁၈

ဂျပန်နိုင်ငံ၌ မတ် ၁၁ ရက်က အင်အားပြင်းငလျင်နှင့် ဆူနာမီရေလှိုင်းရိုက်ခတ်မှုတို့ကြောင့် မတ် ၁၇ ရက် နံနက် ၈ နာရီအထိ လူပေါင်း ၅၄၅၇ ဦးသေဆုံးပြီး ၇၅၅၈ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။

ဂျပန်မြေငလျင်ကြောင့် သေဆုံးသူဦးရေ ၁၅၀၀၀ ခန့်အထိရှိနိုင်ကြောင်း သတင်းဌာနများက ခန့်မှန်းကြသည်။ မြေငလျင်လှုပ်မှုကြောင့် နေအိမ်အလုံးပေါင်း ၁၀၀၀၀၀ ကျော် ပျက်စီးခဲ့ရပြီး အိုးအိမ်မဲ့ဖြစ်ရသူ ၃၈၀၀၀၀ ခန့်ရှိသည်။

ဂျပန်သတင်းဌာနများ၏ သတင်းထုတ်ပြန်ချက်များအရ ငလျင်လှုပ်ခဲ့သောဒေသရှိ ယာယီခိုလှုံရေးစခန်း ၂၆၀၀ ကျော်၌ ဒုက္ခသည် ၅၃၀၀၀၀ ခန့် ခိုလှုံလျက်ရှိသည်ဟု ဆိုသည်။

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ ဆောင်းရာသီ၏ အအေးဆုံးကာလကဲ့သို့ အပူချိန်အလွန်အမင်းကျဆင်းလျက်ရှိသော်လည်း ဂျပန်ကာကွယ်ရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်းအင်အား ၈၀၀၀၀ တို့က ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား
☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး China Development Bank ဒုတိယဥက္ကဋ္ဌ Mr. Zhong Shujun ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး China Development Bank ဒုတိယဥက္ကဋ္ဌ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Development Bank ဒုတိယဥက္ကဋ္ဌ Mr. Zhong Shujun ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာ၌ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးတို့ တက်ရောက်ကြပြီး China Development Bank ဒုတိယဥက္ကဋ္ဌ Mr. Zhong Shujun နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)